ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday, 24 October 2022 ၁၀၈၉၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးကို ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံးလုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။ စာမျက်နှာ ၄ ကော်လံ ၅ သို့





## တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်များကို ကုန်ချောအဖြစ်ထုတ်လုပ်၍ ဈေးကွက် ဦးဆောင်နိုင်ရန် ငါးလေလံဈေးကွက်ကြီးတစ်ခု လိုအပ်

ရန်ကုန် အောက်တိုဘာ ၂၃

ကမ္ဘာ့ဈေးကွက်ဝင် ပနားမီပုစွန်ဖြူထွက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်များကို ကုန်ချောအဖြစ်ထုတ်လုပ်၍ ဒေသတွင်း ရေထွက်ကုန်ဈေးကွက် ဦးဆောင်နိုင်ရန် ပြည်ပပို့ကုန် ရေထွက်ကုန် ငါးလေလံဈေးကွက်ကြီးတစ်ခု လိုအပ်နေကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးမှ နှစ်စဉ် ရေထွက်ကုန် တန်ချိန် သုံးသိန်းခွဲမှ လေးသိန်းအထိ ပြည်ပသို့ တင်ပို့လျက်ရှိပြီး ဈေးကွက်လိုအပ်ချက်အရ ပင်လယ်ပြင်တွင် ငါး/ပုစွန်ဖမ်းဆီးမှုနှင့် မွေးမြူရေး ရေထွက်ကုန်များ တိုးမြှင့်မွေးမြူထုတ်လုပ်နိုင်သော တိုင်းဒေသကြီးတစ်ခုဖြစ်ရာ အိမ်နီးချင်းနိုင်ငံမှ ရေထွက်ကုန်များ ကုန်ချောအဖြစ်ထုတ်လုပ်မှုနှင့် ရင်ပေါင်တန်းနိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

ယနေ့ ဖတ်စရာ

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၆၆၅ တွဲ ရောင်းချခဲ့ရ စာမျက်နှာ » ၅

ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုက်ဖျက်ရမည့် အဂတိလိုက်စားမှု ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနှင့် အာဆီယံ ဆောင်းပါး စာမျက်နှာ » ၁၀

အသက်မွေးမှုတစ်ခု ပညာကိုယ်စီပါဖို့ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းကို သွားကြစို့ စာမျက်နှာ » ၁၈



ကြေးမုံ

# ပြည်တွင်းစီးပွားရေးကို အားပေး နိုင်ငံ့စီးပွားရေးကို တွန်းတင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည် ဖော်ပြီး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေး နှင့် စားရေရိက္ခာဖူလုံရေးကို အကောင်အထည်ဖော်ရာတွင် စီးပွားရေးသည် အခြေခံ ကျသော အရေးကြီးသည့်အချက်ဖြစ်သည်။ စီးပွားရေးကောင်းမွန်ပါမှ အမျိုးသား ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် အလေးထားဖော်ဆောင်နေသည်ကိုတွေ့ရမည်။

တိုင်းပြည်သာယာဝပြောရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အညမည ဖြစ်တည်နေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ပါက တိုင်းပြည်သာယာဝပြောမည်။ တိုင်းပြည်သာယာဝပြောရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်ပြီး တည်ငြိမ် အေးချမ်းမှုရှိရန်အတွက် နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးတည်ငြိမ်မှုသည် အဓိက ကျသည့်အချက်များဖြစ်သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရပြီး တာဝန်များထမ်းဆောင်ချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးအရ ဆူပူဖျက်ဆီးမှုများနှင့်ကြုံတွေ့ခဲ့ရသည်။ စီးပွားရေးနှင့်ပတ်သက်လျှင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာ့နိုင်ငံများ နည်းတူ မြန်မာနိုင်ငံလည်း စီးပွားရေးထိခိုက်မှုရှိခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေး လည်း ကျဆင်းခဲ့သည်။

အချက်အလက်များအရ နိုင်ငံ၏စီးပွားရေးကျဆင်းမှုသည် ၂၀၁၈-၂၀၁၉ ခုနှစ်မှ စတင်ကျဆင်းလာခဲ့ပြီး လေ့လာတွေ့ရှိချက်များအရ စီးပွားရေးကျဆင်း ရခြင်းအကြောင်းရင်းသည် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများကို အားပေးမှုမရှိသော ကြောင့်ဖြစ်နေသည်ကို တွေ့ရသည်။

ပြည်တွင်းထုတ်ကုန်များကို အားပေးမြှင့်တင်ပေးခြင်းမရှိဘဲ ပြည်ပသွင်းကုန် များကို ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ကုန်သွယ်ရေးလိုငွေများပြလာခဲ့သည်။ ဒီမိုကရေစီအစိုးရ ပထမသက်တမ်းနှင့် ဒုတိယသက်တမ်း ၁၀ နှစ်တာကာလတွင် အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံကျော်ခန့် ကုန်သွယ်မှုလိုငွေများပြခဲ့ကြောင်းသိရ သည်။ အဆိုပါလိုငွေပြဿနာကို ပြည်တွင်းစီးပွားရေးတိုးတက်လာအောင် ဆောင်ရွက်၍ ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ ပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများ၊ အခြားရငွေများဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ပြီး ကုန်သွယ်မှုလိုငွေများ လျော့နည်းအောင် ဆောင်ရွက်နိုင်မည် ဆိုပါက နိုင်ငံ၏စီးပွားရေးမှာ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

နိုင်ငံတော်၏စီးပွားရေး ပြန်လည်ဦးမော့လာအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ ပြည်ပ ကြွေးမြီများနည်းပါးသွားအောင် ဆောင်ရွက်လျက်ရှိပြီး မဖြစ်မနေ အရေးကြီး ကုန်ပစ္စည်းများမှလွဲ၍ ပြည်ပသွင်းကုန်များကို လျှော့ချခဲ့သည်။ ပြည်တွင်းထုတ်ကုန် များကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ပြန်လည်လည်ပတ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများပါ ပွင့်လန်းလာသည်။ နိုင်ငံ၏စီးပွားရေးကျဆင်းရခြင်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းနှင့်လည်း သက်ဆိုင်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူသောကာလ တွင် ရောဂါဖြစ်ပွားမှုကို အဘက်ဘက်က ချိန်ဆထိန်းညှိဆောင်ရွက်ပြီး ပြည်သူ လူထုကြားတွင် ဖြေလျှော့မှုများ အတတ်နိုင်ဆုံးဆောင်ရွက်ပေးခဲ့သောကြောင့် စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်လည်ပတ်လာသည်။

မြန်မာနိုင်ငံ၏ အကျယ်ပြန့်ဆုံးနှင့်လူဦးရေအများဆုံးသည် ကျေးလက်ဒေသ များဖြစ်ပြီး ကျေးလက်ဒေသများ၏ အခြေခံစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူ ရေးနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသောလုပ်ငန်းများဖြစ်သည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးကို အလေးထား အားပေးမြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဆောင်ရွက်ရန်အတွက် သွင်းအားစုများဖြစ် သည့် ကုန်ကြမ်း၊ ရေ၊ လျှပ်စစ်ဓာတ်အား၊ စက်မောင်းဆီ၊ ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာများသည် အဓိကလိုအပ်ချက်များဖြစ်သည်။ အဆိုပါသွင်းအားစုများ လွယ်ကူအဆင်ပြေပါက စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်မှာသေချာသည်။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမှန်ကန်ရေး အတွက် ဆောင်ရွက်ပေးနေပြီး ပြည်တွင်း၌ ဓာတ်မြေဩဇာများ လုံလောက်အောင် ထွက်ရှိရေး၊ စိုက်ပျိုးသူတောင်သူများအနေဖြင့် သဘာဝမြေဩဇာများကို သုံးစွဲကြ ရေးနှင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ရေအားနှင့်နေရောင်ခြည် စွမ်းအင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို အကောင်အထည်ဖော်ပေးနေပြီဖြစ်၍ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေး ကိုအခြေခံသည့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ပြီး နိုင်ငံ့စီးပွားရေးမြင့်မား အောင် တွန်းတင်ရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစု များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ သာသနာ့ပါလ(မြိတ်)ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မိုဃ်းကောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိအနန္တမေတ္တာကျောင်းတိုက်၊ ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိရတနာပုံအကျော်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိသစ္စာဝေစည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အရှေ့အလယ်ကိုင်းကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ သဃ်ာန်းကျွန်းမြို့နယ်ရှိ စစ်ကိုင်းစာသင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ တာပုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နယ်စပ်ရေးရာဝန်ကြီးဌာနက လင်းခေးခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင်အတွင်း ဘုန်းတော်ကြီးကျောင်းများ၌ သံဃာတော်များ ဆွမ်းဆန်တော် အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် လင်းခေးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ထွန်းထွန်းလှိုင်နှင့် တာဝန်ရှိသူများသည် လင်းခေးခရိုင် လင်းခေးမြို့နယ် မကျိုင်းမွန် ဘုန်းတော်ကြီးကျောင်းတိုက်ရှိ ရဟန်းသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## ပန်းတနော်မြို့နယ်တွင် ဆင်းသုခမိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကျင်းပ

**ပန်းတနော် အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီက ဆင်းသုခမိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းက ကျုံတုံးကလေးကျေးရွာအုပ်စုရှိ တောင်သူဦးသိန်းစိုး၏ လယ်ယာမြေတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မျိုးလွင်နှင့်ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်ခင်နှင့် ဝန်ထမ်းများ၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ကျုံတုံးကလေးကျေးရွာအုပ်စု ကွင်းအမှတ် (၅၁၈) တလိုင်းစုကွင်းအတွင်း ဆင်းသုခစပါးမျိုးကွဲသင့်အဆင့်အတန်း ကိုယ်စားပြုဧရိယာ ၁၂၈ ဧကအတွက် တောင်သူဦးစိုးသိန်း၏ လယ်မြေဦးပိုင်အမှတ် (၅/၁) ဧရိယာ နှစ်ဧကအတွင်း စံကွက်အရွယ်အစား သုည ဒသမ ဝဝ၁ ဧကအား မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ ခြောက်သွေ့ပြီး စပါးတစ်ဧက ၇၈ ဒသမ ၁၉ တင်း ထွက်ရှိကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# Association of World Election Bodies(A-WEB) ၏ (၅) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တောင်အာဖရိကနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော်　အောက်တိုဘာ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် Association of World Election Bodies (A-WEB) တို့၏ ဖိတ်ကြားချက်အရ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့၌ အောက်တိုဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် (၅) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း၊ ဦးအောင်စောဝင်း၊ ဦးစောဘလှိုင်၊ ဦးအောင်လွင်ဦး၊ ဦးကိုကိုလွင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။



အဆိုပါ အထွေထွေညီလာခံသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အပါအဝင် နိုင်ငံပေါင်း ၆၃ နိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၄၀ ကျော်၊ တောင်အာဖရိကနိုင်ငံ ရွေးကောက်ပွဲကော်မရှင်နှင့် A-WEB မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ညီလာခံတွင် ယခင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ ဥက္ကဋ္ဌအသစ်အဖြစ် တာဝန်ယူဆောင်ရွက်မည့် တောင်အာဖရိကနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ထံသို့ A-WEB အဖွဲ့အစည်း၏အလံအား လွှဲပြောင်းပေးအပ်ခဲ့ကာ နောင်လာမည့် A-WEB ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့်နိုင်ငံနှင့် Executive Board Member များ ခန့်အပ်နိုင်ရေး မဲပေးရွေးချယ်ခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် "Safeguarding Election Management Bodies in the Age of Global Democratic Recession" ညီလာခံကို ခေါင်းစဉ် ငါးခုဖြင့် ကျင်းပခဲ့ရာ တက်ရောက်လာသူများက ပူးပေါင်းဆွေးနွေးခဲ့ကြပြီး A-WEB အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရွေးကောက်ပွဲများတွင် ဒီမိုကရေစီစနစ်၏ ကောင်းမွန်သော အလေ့အကျင့်ကောင်းများကို မြှင့်တင်ပေးနိုင်ရေး ကူညီဆောင်ရွက်နေမှုများ၊ ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏အခန်းကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါခရီးစဉ်အတွင်း A-WEB နှင့် တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများမှ ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်းများ၏ ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ တောင်အာဖရိကနိုင်ငံ၏ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထင်ရှားသောနေရာများကို လေ့လာခွင့်ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပူတာအိုခရိုင်၌ မဲစာရင်းမှန်ကန်ရေးစိစစ်ခြင်းနှင့် မဲရုံလျာထားသတ်မှတ်ခြင်းဆိုင်ရာလုပ်ငန်းများ တွေ့ဆုံဆွေးနွေး

**ပူတာအို　အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် ပူတာအိုခရိုင်၌ လာမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် မဲစာရင်းမှန်ကန်ရေး စိစစ်ဆောင်ရွက်ခြင်းနှင့် မဲရုံလျာထား သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းများ တွေ့ဆုံဆွေးနွေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင်က လာမည့်ရွေးကောက်ပွဲအတွက် အကြိုပြင်ဆင်ရေး လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ မဲစာရင်းများ မှန်ကန်စေရေးအတွက် ရွေးကောက်ပွဲကော်မရှင်ရုံးခွဲအဆင့်ဆင့်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်ရှိသည့် ဌာနဆိုင်ရာများကလည်း မိမိကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မဲစာရင်းမှန်ကန်မှသာ မဲရုံလျာထားတွက်ချက်မှု မှန်ကန်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်က ပူတာအိုခရိုင်အတွင်းရှိမြို့နယ်အလိုက် မဲစာရင်းများစိစစ်ခြင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မဲရုံတည်နေရာများလျာထားသတ်မှတ်ခြင်းနှင့် မဲရုံသုံးပစ္စည်း လိုအပ်ချက်များ ခန့်မှန်းတွက်ချက်ခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆောင်ရွက်ထားရှိမှုအပေါ် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ပေရယ်စိုးက ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တွင် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်ရေးစိစစ်ခြင်း၊ မဲရုံများလျာထားသတ်မှတ်ခြင်းနှင့် မဲရုံသုံးပစ္စည်း လိုအပ်ချက်လျာထားခြင်းဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးပြီး ခရိုင်/မြို့နယ်မှ ဌာနဆိုင်ရာများက ရွေးကောက်ပွဲဆိုင်ရာ အကြိုပြင်ဆင်မှုကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မချမ်းဘော့မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ခန့်မှန်းမဲဆန္ဒရှင်စာရင်းကောက်ယူမှုများနှင့် မဲရုံလျာထားမှုကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ပူတာအိုနှင့် မချမ်းဘော့မြို့နယ်အတွင်း လာမည့်ရွေးကောက်ပွဲတွင် လျာထားသည့် မဲရုံများတွင်ပါဝင်သော မြို့ပေါ်ရပ်ကွက်များရှိ မဲရုံများ၏ သက်ဆိုင်ရာလွှတ်တော်အသီးသီးနှင့် တိုင်းရင်းသားကိုယ်စားလှယ်များအတွက် ဆန္ဒမဲပေးနိုင်ရန် နမူနာခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**❒ တနင်္သာရီမှ**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် ကမ္ဘာ့ဈေးကွက်ဝင် ပနားမီးပုစွန်ဖြူအများဆုံးထွက်ရှိပြီး နှစ်စဉ်တန်ချိန် ၆၀၀၀ ကျော် ထုတ်လုပ်တင်ပို့လျက်ရှိကာ လက်ရှိတွင် ပြည်ပနိုင်ငံအချို့နှင့် ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြင့်ရေထွက်ကုန်ဖြစ်သော ပနားမီးပုစွန်ဖြူ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၅၀၀ မှ ၆၀၀၀ အထိ ဈေးရရှိပြီး ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

"တနင်္သာရီတိုင်းဒေသကြီးက ထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ထိုင်းနိုင်ငံကို အများဆုံးတင်ပို့ပါတယ်။ တင်ပို့ရာမှာ ကုန်ကြမ်းသာ တင်ပို့နိုင်တဲ့အတွက် ဈေးကွက်မှာ သူတို့ကဦးဆောင်နေတယ်။ ရေထွက်ကုန်တွေကို ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ဈေးကွက်ကို ဦးဆောင်နိုင်မှာပါ။ ကျွန်တော်တို့ဆီကို သူတို့ကိုယ်တိုင် ရေထွက်ပစ္စည်းလာရောက်ဝယ်ယူရတဲ့အတွက် ကျွန်တော်တို့ တောင်းတဲ့ဈေးအတိုင်း သူတို့ပေးဆောင်ရမှာပါ။ ဒါ့ကြောင့် မြိတ်အများစုပိုင်ကုမ္ပဏီလီမိတက်ကို ဖွဲ့စည်းပြီး ငါးလေလံဈေးကွက်ဖြစ်ပေါ်အောင် ကြိုးပမ်းနေပါတယ်။ ငါးလေလံဈေးကွက်ဖြစ်ပေါ်လာမယ်ဆိုရင် ကုန်ကြမ်းကနေ ကုန်ချောအဖြစ် ထုတ်လုပ်နိုင်မယ်။ အအေးခန်းနဲ့ ကုန်ချောထုတ်လုပ်တဲ့စက်ရုံတွေ ပေါ်ထွန်းလာမှာဖြစ်တဲ့အတွက် နိုင်ငံခြားဝင်ငွေပိုမိုရရှိမဲ့အပြင် ပြည်ပမှာ သွားရောက်အလုပ်လုပ်ကိုင်သူတွေလည်း ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမှာပါ။ မြိတ်မှာအဓိကလိုအပ်နေတာက လျှပ်စစ်မီးပါ။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်နဲ့ ဒေသဖွံ့ဖြိုးရေးအတွက် တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်သွားမှာပါ"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ကမ်းဝေးငါးဖမ်းရေယာဉ်အစင်းရေ တစ်ထောင်ကျော်၊ ကမ်းနီးငါးဖမ်းရေယာဉ်အစင်းရေ တစ်သောင်းခန့်ရှိပြီး နှစ်စဉ် ရေထွက်ကုန်တန်ချိန် သုံးသိန်းခွဲမှ လေးသိန်းအထိ ပြည်ပသို့ တင်ပို့နိုင်မှုဖြင့် ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် ရရှိလျက်ရှိရာ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးမှထွက်ရှိသော ရေထွက်ကုန်များကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်မှုဖြင့် အိမ်နီးချင်းငါးဈေးကွက်ကိုဦးဆောင်နိုင်မည်ဖြစ်၍ ထိုသို့ဦးဆောင်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီးတွင် ငါးလေလံဈေးကွက်ကြီးတစ်ခု ပေါ်ထွန်းရန် လိုအပ်နေကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# နိုင်ငံတကာအဆင့်မီ ဆေးဝါးကုန်ပစ္စည်းများတင်ပို့ရောင်းချနိုင်ရန် သုတေသနနှင့် ဖွံ့ဖြိုးမှုအပိုင်းသည် အထူးအရေးကြီး



နေပြည်တော် အောက်တိုဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက လှိုင်သာယာစက်မှုဇုန်ရှိ Fame Pharmaceuticals စက်ရုံသို့ရောက်ရှိပြီး ကုန်ကြမ်းသိုလှောင်ခန်း၊ အရည်အသွေးထိန်းချုပ်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဆေးဝါးများ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

## လျှော့ချနိုင်မည်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံမန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မောင်လွင်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လိုအပ်သည့်ကုန်ကြမ်းများကို ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးဝါးများသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်သည့်အတွက် တိုင်းရင်းဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည်အရေးကြီးကြောင်း၊ အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းပစ္စည်းအရည်အသွေးသည် အထူးအရေးကြီးကြောင်း၊ နိုင်ငံတကာသို့ ထုတ်ကုန်များ တင်ပို့ရာတွင် အရည်အသွေးပိုင်း အထူးကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတကာအဆင့်မီ ဆေးဝါးကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရန် သုတေသနနှင့် ဖွံ့ဖြိုးမှုအပိုင်းသည် အထူးအရေးကြီးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အရည်အသွေးအပိုင်းကို တိတိကျကျစစ်ဆေးပြီး ဆေးဝါးလိုင်စင်များကို အချိန်နှင့်တစ်ပြေးညီ စိစစ်ထုတ်ပေးလျက်ရှိကြောင်း၊ လိုအပ်သည့်နည်းပညာနှင့်သုတေသနလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ်စက်မှုဇုန်ရှိ စကြာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးသို့ ရောက်ရှိပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကာ စကြာမင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဝေ၊ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် တိုင်းရင်းဆေးကဏ္ဍကို စဉ်ဆက်မပြတ်အားပေးလျက်ရှိပြီး အလုပ်သင်တိုင်းရင်းဆေးဆရာများ၏ ချီးမြှင့်ငွေကိုလည်း တိုးမြှင့်ပေးထားကြောင်း၊ ထုတ်လုပ်ရောင်းချမှုအဆင့်တိုင်းတွင် သိပ္ပံနည်းကျသုတေသနများ ပြုလုပ်သွားရန် လိုအပ်ပြီး ရရှိလာသည့် သုတေသနရလဒ်များပေါ်မူတည်၍ ထုတ်ကုန်များကို အဆင့်မြှင့်သွားရမည်ဖြစ်ကြောင်း၊ Evidence based, Document based ဖြစ်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ဒဂုံမြို့နယ် ကျန်စစ်သားစက်မှုဇုန် (၂)ရှိ ဦးသာရင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးသို့ ရောက်ရှိပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ကျောက်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။



ပြင်ဦးလွင်မြို့၌ နှာခေါင်းစည်းများ အခမဲ့ပေးဝေစဉ်။

နေပြည်တော် အောက်တိုဘာ ၂၃

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၄၁၉၀၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်၌ ဒေသခံပြည်သူ ၃၅၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၅၅၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

## ကာကွယ်ဆေးထိုးနှံပေး

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၅၅၀ ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

## ပေးဝေလှူဒါန်း

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အထက(၁)ကျိုက်လတ်၌ ဆရာ ဆရာမများ စွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



ကျိုက်လတ် အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ပညာရေးမှူးရုံးက တာဝန်ခံကျင်းပသည့် အခြေခံပညာကျောင်းအုပ်ဆရာ ဆရာမများ စွမ်းဆောင်ရည်မြှင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက ကျိုက်လတ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြစန္ဒီခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်စကားပြောကြားပြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ခံဆရာ ဆရာမများ စုစုပေါင်း ၁၉၈ ဦးတက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကာ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး၊ ပညာရေးနှင့်သက်ဆိုင်ရာကဏ္ဍများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၇

✪ ရွှေဖုံးမှ

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းသည် ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားသည် ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်ကလေးသည် ယခုအသက် သုံးလသားတွင် အရပ်အမြင့် နှစ်ပေ ကိုးလက်မ၊ ကိုယ်လုံး လုံးပတ် လေးပေ၊ ကိုယ်အလေးချိန်ပေါင် ၂၆၀ ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေးသည် ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် Human Friendly Training စနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၆၆၅ တွဲ ရောင်းချခဲ့ရ

**နေပြည်တော် အောက်တိုဘာ ၂၃**

၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။





**လေ့လာကြည့်ရှု**

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် (၁)မှ အတွဲအမှတ်(၇၅၀) အထိ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။



ထို့နောက် ကျောက်စိမ်းအတွဲအမှတ်(၁)မှ အတွဲအမှတ်(၇၅၀) အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ကျောက်စိမ်းအတွဲပေါင်း ၆၆၅ တွဲ ရောင်းချရကြောင်း ကြေညာသည်။

**ရောင်းချပေးသွားမည်**

ပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၇၅၁)မှ (၁၅၀၀) ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ပြပွဲဗဟိုကော်မတီဝင်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်စိမ်းအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀ အနက်မှ အတွဲပေါင်း ၃၆၂ တွဲနှင့် ကျောက်မျက်အတွဲ ၁၂၀ အနက်မှ အတွဲပေါင်း ၅၅ တွဲ ရောင်းချခဲ့ရပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကိုလည်း အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။

ယနေ့ စတင်ရောင်းချသည့် ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့် လည်းကောင်း ပေးချေသွားရမည်ဖြစ်သည်။

**ဖန်တီးပေးနိုင်ခဲ့**

ကမ္ဘာပေါ်တွင် ရှားပါး အဖိုးထိုက်တန်သော မြန်မာ့ကျောက်မျက်ရတနာ တွင်းထွက်သယံဇာတများကို ရောင်းချခြင်းဖြင့် ရှာဖွေဖြည့်ဆည်းပေးနိုင်ခဲ့သော နိုင်ငံခြားငွေများသည် နိုင်ငံတော်၏ ကဏ္ဍမျိုးစုံ တည်ဆောက်မှုအတွက် များစွာအထောက်အကူပြုသလို နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ခဲ့ကြောင်းလည်း သိရသည်။

**သတင်းစဉ်**

❐

## အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ၏ စွမ်းရည်မြင့်မားရေးသင်တန်း ကျင်းပ

**ပျဉ်းမနား အောက်တိုဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ၏ စွမ်းရည်မြင့်မားရေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းတွင် အခြေခံပညာမူလတန်းလွန်ကျောင်း ဘောဂဝတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ၂၀၂၂-၂၀၂၃ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ၏ စွမ်းရည်မြင့်မားရေး သင်တန်းကို နည်းပြ ဆရာ ဆရာမ ငါးဦးတို့က သင်တန်းသား သင်တန်းသူ ၁၂၀ အား အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ဆွေးနွေးပို့ချ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**



## ရေတာရှည်မြို့နယ်၌ စပါးခြွေလှေ့စက်ဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ရေတာရှည် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၂-၂၀၂၃ ခုနှစ် မြို့နယ်အဆင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က သပြေတန်းကျေးရွာအုပ်စု လယ်မြေကွင်းအမှတ်(၆၃၇) တောင်သူ ဦးအောင်မျိုးဦး၏ လယ်သုံးကေ၌ ကျင်းပခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနေလင်းဇော်နှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ယင်းမိုးစပါး GW-11 အထွက်ကောင်းမျိုး သုံးကေအနက်သုည ဒသမ ၁၀ ကေကို စပါးခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ကေလျှင် စပါးအစို ၁၂၀ ဒသမ ၂၃ တင်း ထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ ကျောင်းအုပ်ကြီးများစီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**ထန်းတပင် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျောင်းအုပ်ကြီးများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်ရေး ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၂၂ ရက်က အထက(ထန်းတပင်) အခြေခံပညာ အထက်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



**ရှင်းလင်းပြောကြား**

အဆိုပါဆင့်ပွားသင်တန်းတွင် စီမံရေး၊ ဘဏ္ဍာရေးနှင့် ပညာရပ်ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားတွင်လည်း မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်က ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး ၁၃၀ တို့ တက်ရောက်ခဲ့သည်။ သင်တန်းကာလမှာ အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်တာသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုက်ဖျက်ရမည့် အဂတိလိုက်စားမှု

မျိုးငြိမ်းငယ်

## အဂတိလိုက်စားမှု

ကမ္ဘာတစ်ဝန်းရှိနိုင်ငံများတွင် အဂတိလိုက်စားမှုကို အဓိက ခြိမ်းခြောက်မှုတစ်ခုအဖြစ် တွေ့ရပါသည်။ အဂတိလိုက်စားမှုဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ဖြစ်လာသည့်အကျိုးဆက်များသည် များစွာကျယ်ပြန့်သည်ကို တွေ့ရပါသည်။

အဂတိလိုက်စားမှုသည် အိမ်တစ်အိမ်တွင် ခြစားနေသည်နှင့် တူပါသည်။ ခြစားခြင်း၏သဘောသည် တဖြည်းဖြည်းနှင့် အိမ်ကို ဖျက်ဆီးခြင်းဖြစ်သဖြင့် နောက်ဆုံးတွင် အိမ်ပျက်စီးရသည့်အဖြစ်သို့ ရောက်ရပါသည်။ သို့ဖြစ်၍ အဂတိလိုက်စားမှုများကို အကျင့်ပျက်ခြစားမှုဟုလည်း သုံးနှုန်းကြပါသည်။ ယင်းသို့သော အဂတိလိုက်စားမှုများကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတားအဆီးသဖွယ်ဖြစ်လာပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ရပ် တည်ဆောက်ရာတွင် အဂတိလိုက်စားမှုများသည် ဆိုးကျိုးများကိုဖြစ်စေပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဆင်းရဲနွမ်းပါးသော လူ့အဖွဲ့အစည်းအပေါ် ကြီးမားသောထိခိုက်ဆုံးရှုံးမှုများကို ဖြစ်စေပါသည်။ သို့ဖြစ်၍ အဂတိလိုက်စားမှုကို ကမ္ဘာ့ဘဏ်က အသံတိတ်လူသတ်သမားဟု သုံးနှုန်းထားသည်ကို တွေ့ရပါသည်။

ထို့အပြင် အဂတိလိုက်စားမှုသည် ရှုပ်ထွေးလှသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး တစ်ဦးချင်းအပေါ်၊ အဖွဲ့အစည်းများအပေါ်၊ နိုင်ငံအပေါ် အကျိုးသက်ရောက်မှုများရှိနေပါသည်။ အထူးသဖြင့် အဂတိလိုက်စားမှုကြောင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ထိခိုက်စေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတည်ငြိမ်ရေးကိုပါ ထိခိုက်စေပါသည်။ ဒီမိုကရေစီအသွင် ကူးပြောင်းဆဲနိုင်ငံအတွက်မူ အဂတိလိုက်စားမှုကြောင့် ဒီမိုကရက်တစ် အင်စတီကျူးရှင်းများခိုင်မာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဟန့်အတားများဖြစ်စေပါသည်။

## အဓိပ္ပာယ်

အဂတိလိုက်စားမှုသည် ပါဝင်ပတ်သက်သူအမျိုးမျိုး၊ အဂတိလိုက်စားသည့် ပုံစံအမျိုးမျိုးရှိနေခြင်းကြောင့် အဂတိလိုက်စားမှုအတွက် တိကျသောအဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသော်လည်း ကုလသမဂ္ဂနှင့် နိုင်ငံများအလိုက် အဓိပ္ပာယ်ဖွင့်ဆိုမှုများရှိကြပါသည်။ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၃) အခန်း (၁) ပုဒ်မ ၃ တွင် လာဘ်ပေးလာဘ်ယူမှုကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ ကမ္ဘာ့ဘဏ်၏ဖွင့်ဆိုချက်တွင် အဂတိလိုက်စားမှုသည် ကိုယ်ကျိုးစီးပွားအတွက် လုပ်ပိုင်ခွင့်အာဏာ (public office) ကို အလွဲသုံးစားလုပ်ခြင်းဖြစ်ပြီး လာဘ်ပေးလာဘ်ယူမှုမှ ပြည်သူ့ဘဏ္ဍာငွေခိုးယူမှုအထိ ကျယ်ပြန့်သောအပြုအမူများ အကျုံးဝင်သည်ဟုဆိုပါသည်။ အပ်နှင်းထားသောအာဏာကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားလုပ်ခြင်းဟု Transparency International အဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ဝီကီပီးဒီးယားတွင် အဂတိလိုက်စားမှုသည် တရားမဝင်အကျိုးခံစားခွင့်များရယူရန် သို့မဟုတ် တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုးအတွက် အာဏာအလွဲသုံးစားလုပ်ရန်အတွက် အခွင့်အာဏာအပ်နှင်းခံထားရသည့် လူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှဆောင်ရွက်သည့် မရိုးသားမှု သို့မဟုတ် ရာဇဝတ်မှုတစ်ခုဖြစ်သည်ဟု တွေ့ရပါသည်။ အဆိုပါ ဖွင့်ဆိုချက်များကိုကြည့်ပါက ကိုယ်ကျိုးစီးပွား၊ လုပ်ပိုင်ခွင့်၊ အလွဲသုံးစားမှု၊ တရားမဝင်ဆိုသည့် အဓိကအချက်များကို တွေ့ရသည်။ အဂတိလိုက်စားမှုတွင် တိုက်ရိုက်အဂတိလိုက်စားမှုနှင့် သွယ်ဝိုက်အဂတိလိုက်စားမှုဟူ၍လည်း တွေ့ရသည်။

## အရင်းခံအကြောင်းတရားများ

နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုနှင့် လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း အဂတိလိုက်စားမှုဖြစ်ပေါ်စေသည့် အရင်းခံအကြောင်းတရားများသည် များပြားလှပါသည်။ ထိုအရင်းခံအကြောင်းတရားများတွင် ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာ၊ လောဘ၊ စိတ်အရည်အသွေး၊ အစဉ်အလာကဲ့သို့ အတွင်းပိုင်းအရာများပါဝင်သကဲ့သို့ ဆင်းရဲမွဲတေမှု၊ မညီမျှမှု၊ ငွေကြေးမလုံလောက်မှု၊ ရှုပ်ထွေးသည့်လုပ်ငန်းစနစ်များ၊ အလုပ်အကိုင်ရှားပါးမှုကဲ့သို့သော အပြင်ပိုင်းအစိတ်အပိုင်းများလည်း ဆက်စပ်ပါဝင်နေတတ်ကြပါသည်။

ယင်းအခြေအနေများအလိုက် အဂတိလိုက်စားမှု အကြီး၊ အသေးနှင့် အစုလိုက် အဂတိလိုက်စားမှုများကို ဖြစ်စေပါသည်။ ထို့အပြင် အဂတိလိုက်စားမှုသည် နိုင်ငံတစ်ဝန်း ကဏ္ဍအားလုံးတွင် နေရာမရွေး၊ မည်သူမဆိုပါဝင်ပတ်သက်နိုင်သည့်အပြင် နောက်ကွယ်မှ အဂတိလိုက်စားမှုများလည်း ဖြစ်ပွားနိုင်ပါသည်။

ထိုသို့သောအခြေအနေများတွင် အဂတိလိုက်စားမှုဖြစ်ပွားနိုင်သည့် အရင်းခံအကြောင်းတရားများသည်လည်း အခြေအနေနှင့် အချိန်အခါအလိုက် ပြောင်းလဲဖြစ်ပွားကြသည်ကို တွေ့ရသည်။ ယင်းသို့ဖြစ်ပွားနိုင်သည့် အကြောင်းရင်းများထဲတွင် ယေဘုယျအားဖြင့် အစိုးရအင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်အားနည်းမှု၊ ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများ၊ ဗဟိုချုပ်ကိုင်မှုများခြင်း၊ စီးပွားရေးလွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ တာဝန်ယူတာဝန်ခံမှုမရှိခြင်း၊ အပြန်အလှန်ထိန်းကျောင်းမှုမရှိခြင်း၊ ဝန်ထမ်းများ၏လုပ်ခလစာမလုံလောက်မှု၊ သတင်းလွတ်လပ်ခွင့်၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး၊ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒနှင့် အကောင်အထည်ဖော်မှု အားနည်းခြင်း၊ ဒီမိုကရေစီအလေ့အကျင့်များနှင့် လူထု၏ပူးပေါင်းလုပ်ဆောင်မှု အားနည်းခြင်း၊ ယှဉ်ပြိုင်မှုအားနည်းခြင်း၊ ဆင်းရဲနွမ်းပါးမှုများ၊ ပညာရေးအခြေအနေ၊ နိုင်ငံရေးမတည်ငြိမ်မှုကဲ့သို့သော အကြောင်းတရားများ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆက်စပ်ပါဝင်နေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ အဂတိလိုက်စားမှုဖြစ်စေသည့် အကြောင်းတရားများသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်သဘောထား၊ အလေ့အထတို့နှင့်သက်ဆိုင်သည်ကို တွေ့ရသကဲ့သို့ ပတ်ဝန်းကျင်အခြေအနေများ၏ လွှမ်းမိုးမှုများကြောင့် ဖြစ်ပွားသည်ကိုလည်း တွေ့ရပါသည်။

## အကျိုးဆက်များ

အဂတိလိုက်စားမှုသည် နယ်ပယ်စုံ၊ လူတန်းစားပေါင်းစုံတွင် တွေ့ရတတ်သည်ဖြစ်ရာ ယင်းမှဖြစ်လာသည့် အကျိုးဆက်များသည်လည်း များပြားကျယ်ပြန့်လှပါသည်။ ဥပမာအားဖြင့် စီးပွားရေးနယ်ပယ်ဆိုင်ရာတွင် အဂတိလိုက်စားမှုကြောင့် စီးပွားရေးလုပ်ကိုင်ရန်ခက်ခဲလာခြင်း၊ စီးပွားရေးမညီမျှမှုများဖြစ်လာခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ မဝင်ရောက်ခြင်း၊ စီးပွားရေးတိုးတက်မှုကျဆင်းခြင်းတို့အပြင် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ ယှဉ်ပြိုင်မှု၊ စီးပွားရေးတစ်ရပ်လုံး တစ်ပြေးညီဖွံ့ဖြိုးမှုတို့တွင်လည်း အကျိုးသက်ရောက်လာသည်ကို တွေ့ရပါသည်။

အလားတူပင် အဂတိလိုက်စားမှုများရှိနေသည့် အခြားသောနယ်ပယ်များတွင်လည်း ဆိုးကျိုးများသက်ရောက်လျက်ရှိပါသည်။ အဂတိလိုက်စားမှုဖြစ်ပွားသည့်ကဏ္ဍများ ကျယ်ပြန့်လာသည်နှင့်အမျှ ဖြစ်လာသည့်အကျိုးဆက်များသည် တစ်ဦးချင်းအပေါ်၊ လူ့အဖွဲ့အစည်းအပေါ်နှင့် နိုင်ငံအပေါ် ထိခိုက်ဆုံးရှုံးမှုများဖြစ်စေပါသည်။ ယင်းသည် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောအဟန့်အတားတစ်ခုအဖြစ် တွေ့ရပါသည်။

အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်လာသည့်အကျိုးဆက်များနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ တွေ့ရှိချက်များတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို လျော့ကျစေခြင်း၊ နိုင်ငံ၏ စွမ်းဆောင်ရည်ကျဆင်းခြင်း၊ စီးပွားရေးဆုံးရှုံးမှုနှင့် စွမ်းဆောင်ရည်ကျဆင်းခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကျဆင်းခြင်း၊ ဆင်းရဲမွဲတေမှုနှင့်မညီမျှမှု၊ ကိုယ်ရည်ကိုယ်သွေးဆုံးရှုံးခြင်း၊ ယုံကြည်မှုကျဆင်းခြင်း၊ မသမာမှုနည်းလမ်းများ တိုးမြင့်လာခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား အခက်အခဲများဖြစ်ပေါ်လာခြင်း စသည်တို့ပါဝင်သည်ကို တွေ့ရပါသည်။ ယင်းအချက်များသည် ယေဘုယျခြုံငုံသည့်အချက်များသာဖြစ်ပြီး အဂတိလိုက်စားမှုဖြစ်ပွားသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် သက်ဆိုင်ရာနယ်ပယ်အလိုက် ဆုံးရှုံးမှုများနှင့် ဆင့်ပွားအကျိုးဆက်များရှိနေပါသည်။

လက်တွေ့နယ်ပယ်တွင်လည်း အဂတိလိုက်စားမှုများကြောင့် တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများအပေါ် ထိခိုက်စေလျက်ရှိပါသည်။ ထို့အပြင် အဂတိလိုက်စားမှုများကြောင့် ယုံကြည်မှုများ ကျဆင်းခြင်း၊ လူထုနှင့်ပူးပေါင်းဆောင်ရွက်မှုကျဆင်းခြင်းနှင့် မသမာမှုနည်းလမ်းများ ပိုမိုအသုံးပြုလာခြင်း စသည့် ကွင်းဆက်ဘေးထွက်ဆိုးကျိုးများလည်း ဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။

## ထိရောက်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး

အထက်တွင် ဆိုခဲ့သကဲ့သို့ အဂတိလိုက်စားမှုသည် အိမ်တစ်အိမ်၏ အုတ်နံရံ၌ ညောင်ပင်ကပ်ပေါက်သကဲ့သို့ ယင်းညောင်ပင်ကြီးလာသည်နှင့်အမျှ ကြီးထွားလာသည့် ညောင်မြစ်များက အိမ်တစ်အိမ်လုံးကို ပြိုကျပျက်စီးစေမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ညောင်မြစ်များ ကောင်းစွာအမြစ်မတွယ်မီကပင် ဖယ်ရှားရန်လိုအပ်ပါသည်။ အဂတိလိုက်စားမှုတစ်ခုသည် သာမန်အားဖြင့် အရေးမကြီးဟုထင်ရသော်လည်း ယင်းကြောင့် ဖြစ်လာမည့်အကျိုးဆက်များသည် များပြားလှသည်ဖြစ်ရာ အဂတိလိုက်စားမှုကို မျက်ကွယ်ပြုနေခြင်း၊ ကြိုတင်မကာကွယ်ခြင်း၊ ဥပဒေအရ ထိရောက်စွာ အရေးမယူနိုင်ခြင်းနှင့် အားလုံး၏ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းတို့ကြောင့် အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်းနှင့် အုပ်ချုပ်ရေးစနစ်အတွင်း ယဉ်ကျေးမှုတစ်ရပ်သဖွယ် အမြစ်တွယ်လာမည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ နှစ်စဉ်ကမ္ဘာ့ GDP ၏ ငါးရာခိုင်နှုန်း အနည်းဆုံးရှိနေပြီး ယင်းမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံ ပမာဏနှင့် ညီမျှကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်အချက်အလက်များအရ သိရပါသည်။ များစွာကြီးမားသောပမာဏဖြစ်သည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းကြရမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံအသီးသီး၊ အစိုးရအသီးသီးက ကိုင်တွယ်ဖြေရှင်းနေကြသည်များရှိသကဲ့သို့ ကုလသမဂ္ဂကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်နေသည်များရှိပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UNCAC)သည် ဒေသတွင်းရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်များကို အားကောင်းစေရန်နှင့် ပြည့်စုံသောမူဘောင်များ ဖြစ်စေရန် ပံ့ပိုးပေးထားသည်ကို တွေ့ရပါသည်။

၂၀၂၂ ခုနှစ် နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ကျင်းပရာတွင် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရာ၌ အစိုးရများ၊ အစိုးရအရာရှိများ၊ ပြည်သူ့ဝန်ထမ်းများ၊ **စာမျက်နှာ ၇ သို့** ☆

> **တိုက်ရိုက်အဂတိလိုက်စားမှုနှင့် သွယ်ဝိုက်အဂတိလိုက်စားမှု နှစ်မျိုးစလုံးသည် နိုင်ငံတစ်နိုင်ငံ၏ ကဏ္ဍအသီးသီး၊ ပုဂ္ဂလိကကဏ္ဍများနှင့် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများကို ထိခိုက်စေသည့်အပြင် ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိခိုက်စေလျက်ရှိသဖြင့် လူတိုင်းနှင့်သက်ဆိုင်သောကိစ္စရပ်ဖြစ်ပါသည်။ အဂတိလိုက်စားမှုကို ကိုယ်တိုင်လုပ်ဆောင်ခြင်း၊ အားပေးခြင်း၊ မျက်ကွယ်ပြုနေခြင်းသည် အခြေအနေကိုပိုမိုဆိုးရွားစေပြီး အဂတိလိုက်စားမှုကို ထုတ်ဖော်ခြင်း၊ လက်မခံခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ဥပဒေနှင့် အရေးယူခြင်းသည် အဂတိလိုက်စားမှုကိုလျော့ပါးစေမည်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောက်ဆည်မြို့ ဆင်အကအလှပြိုင်ပွဲဖွင့်ပွဲသို့တက်ရောက် ဆင်အကအလှစွမ်းရည်ပြဖျော်ဖြေမှုနှင့် ပြိုင်ပွဲဝင်ဆင်အဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများ ကြည့်ရှုအားပေး



မန္တလေး အောက်တိုဘာ ၂၃

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ကျောက်ဆည်မြို့ ဆင်လှူပွဲတော် ဆင်အကအလှ ပြိုင်ပွဲအခမ်းအနားကို ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေတွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဆင် ၆၇ စီးနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုချီးမြှင့်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်ဆင်အဖွဲ့များက အောင်စေပိုင်စေ ဂုဏ်ပြုသီချင်းဖြင့် ကပြတင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်ဆင် ၆၇ စီးအတွက် ချီးမြှင့်ငွေကျပ် ၆၇ သိန်း၊ အမှတ်ပေးနှင့် အကဲဖြတ်ဒိုင်အဖွဲ့(၄)ဖွဲ့အတွက် ချီးမြှင့်ငွေကျပ် လေးသိန်းနှင့် ဆိုင်းအဖွဲ့ချီးမြှင့် ငွေကျပ် တစ်သိန်းတို့ကို ဂုဏ်ပြုချီးမြှင့်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဆင်အဖွဲ့များက မြန်မာပြည်သားသီချင်းဖြင့် ကပြနှုတ်ဆက်ကြပြီး မြို့မိမြို့ဖများက အမှတ်တရဆင်ရုပ်လက်ဆောင်များကို ပေးအပ်ကြကာ ဆင်အကအလှစွမ်းရည်ပြဖျော်ဖြေမှုနှင့် ပြိုင်ပွဲဝင်ဆင်အဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ် အကြားရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်၍ ဂေါပကအဖွဲ့ထံ အလှူငွေများ လှူဒါန်းပြီး ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့အစည်းဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ ဆင်အကအလှပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညပိုင်းတွင် ဆက်လက်ကျင်းပရာ ရိုးရာဆင်ပထမဆုရ မြင်စိုင်းဇာနည်ဆင်အဖွဲ့အား ငွေကျပ်သိန်း ၅၀၊ ဒုတိယဆုရ မင်းမင်းနိုင် ဆင်အဖွဲ့အား ငွေကျပ်သိန်း ၃၀၊ တတိယဆုရ ပိတောက်မြိုင်ဆင်အဖွဲ့အား ငွေကျပ်သိန်း ၂၀၊ နှစ်သိမ့်ဆုများရရှိသည့် မျိုးမဟာ(ပြည်အားမာန်)ဆင်အဖွဲ့၊ မြင်စိုင်းရာဇာဆင်အဖွဲ့၊ ဇာနည်ဘွားဆင်အဖွဲ့တို့အား ငွေကျပ်ငါးသိန်းစီ၊ ဘော်ကြယ်ဆင် ပထမဆုရ ညဏ်လင်းထက်ဆင်အဖွဲ့အား ငွေကျပ်သိန်း ၄၀၊ ဒုတိယဆုရ အများချစ်တဲ့ သားခေတ်ဆင်အဖွဲ့အား ငွေကျပ်သိန်း ၃၀၊ တတိယဆုရ မိုးမင်းဆင်အဖွဲ့အား ငွေကျပ်သိန်း ၂၀၊ ကလေးဆင်ပထမဆုရ စိမ်းလန်းစိုပြည်ဘိုကေ ဆင်အဖွဲ့အား ငွေကျပ်သိန်း ၃၀၊ ဒုတိယဆုရ ခန့်မှူးပိုင်ဆင်အဖွဲ့အား ငွေကျပ်သိန်း ၂၀၊ တတိယဆုရ ဖွဲ့ရတနာဆင်အဖွဲ့အား ငွေကျပ် ၁၀ သိန်း၊ နှစ်သိမ့်ဆုရ မင်းကျန်စစ်ဆင်အဖွဲ့အား ငွေကျပ်နှစ်သိန်း၊ တီထွင်စမ်းသပ်မှု သဘာဝဆင် ပထမဆုရ ပဏ်ဆင်အဖွဲ့အား ငွေကျပ်သိန်း ၂၀၊ ဒုတိယဆုရ ဂရုဏာရှင်ဆင်အဖွဲ့အား ငွေကျပ် ၁၅ သိန်း၊ ရိုးရာဂုဏ်ထူးဆောင်ဆင် (သက်ကြီးဆင်) ဇော်ဂျီမောင်ဆင်အဖွဲ့နှင့် နွဲ့ဆိုးဆင်အဖွဲ့တို့အတွက် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းစီ၊ မြို့မဆင်ဖြူတော်နှင့် မာဃဆင်ဖြူတော်တို့အတွက် ဂုဏ်ပြုဆု ငွေကျပ် ငါးသိန်းစီ၊ ဈေးပတ်ဆင် ၄၈ စီးအတွက် ငွေကျပ် ၉၆ သိန်း စုစုပေါင်းငွေကျပ် ၄၂၈ သိန်းကို ချီးမြှင့်ခဲ့သည်။

အဆိုပါဆင်လှူပွဲတော်၌ ဆင်ကပွဲနှင့် ဆင်အကအလှပြိုင်ပွဲများကို တစ်နေ့တည်း တစ်နေရာတည်း တစ်ချိန်တည်း ကျင်းပသည့်အတွက် ကြက်ပျံမကျစည်ကားပြီး အတီးအမှုတ် အကအခုန်များနှင့် ပျော်ပျော်ပါးပါးဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စာကြည့်တိုက်များသို့ ပြည်သူနှင့် လူငယ်လူရွယ်များ လာရောက်ဖတ်ရှုလေ့လာရန်နှင့် စာဖတ်စာငှားသူဦးရေတိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးကို စည်းရုံးဆောင်ရွက်



ပခုက္ကူ အောက်တိုဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပုပ္ပါးထပ်ဆင့်လွှင့် စက်ရုံမှူးတို့အား တွေ့ဆုံမှာကြားသည်။

မွန်းလွဲပိုင်းတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ညောင်ဦးခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပခုက္ကူခရိုင် ဦးစီးမှူးနှင့် အရာထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မိမိတို့ ရည်မှန်းချက် တာဝန်ဖြစ်သည့် ပြန်ကြားပေးရန်နှင့် အသိပညာပေးရန်တို့ကို အလေးထားဆောင်ရွက်ရန်၊ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ဦးစားပေးဆောင်ရွက်ကြရန်၊ ပြည်သူ့စာကြည့်တိုက်များသို့ ပြည်သူနှင့် လူငယ်လူရွယ်များ လာရောက်ဖတ်ရှုလေ့လာရန်နှင့် စာဖတ်စာငှားသူဦးရေတိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးကို စည်းရုံးဆောင်ရွက်ရန်၊ အများစုမှာ ဒေသခံဝန်ထမ်းများဖြစ်ကြသဖြင့် တာဝန်ကျေထမ်းဆောင်ခြင်းထက် ပိုမို၍ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား၍ ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လမ်းရွာကျေးရွာအုပ်စုအတွင်းရှိဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာရပ်ကွက် စာကြည့်တိုက်များကို ကြည့်ရှုအားပေးကာ စာအုပ်စာစုစောင်များ လှူဒါန်းခဲ့သည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ အလယ်တန်းကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာများအား တွေ့ဆုံ၍ နယ်မြေအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များကို အသိပညာ ဗဟုသုတဖွံ့ဖြိုးရေး ဆောင်ရွက်ရန်များ ညှိနှိုင်းဆွေးနွေးသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

တရားဥပဒေစိုးမိုးရေးအရာရှိများ၊ မီဒီယာများ၊ ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူမှုအဖွဲ့အစည်း၊ ပညာရေးအသိုက်အဝန်း၊ ပြည်သူလူထုနှင့် လူငယ်များအပါအဝင် လူတိုင်း၏ အခွင့်အရေးများနှင့် တာဝန်ရှိမှုများကို မီးမောင်းထိုးပြခဲ့သည်ကို တွေ့ရပါသည်။ လူမှုအသိုက်အဝန်းအဆင့်အားလုံးရှိ ဂုဏ်သိက္ခာမြှင့်တင်ရန်အတွက် အစိုးရများနှင့်အတူ လူတစ်ဦးချင်းစီအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ကြရမည်ဖြစ်ပါသည်။

ထိုသို့တိုက်ဖျက်ရာတွင် ထိရောက်အောင်မြင်မှုရရှိစေရန်အတွက် အဂတိလိုက်စားမှုကို လူထုက ထုတ်ဖော်ရန်နှင့် လက်မခံရန် လိုအပ်ပါသည်။ ထိုသို့ လူထုအဆင့်အတန်းအားလုံးမှ ပူးပေါင်းလုပ်ဆောင်လာနိုင်သည့် မူဝါဒများ၊ စနစ်များနှင့် အကောင်အထည်ဖော်မှုများချမှတ်ခြင်းဖြင့် အဂတိလိုက်စားမှုကို ထိရောက်စွာတိုက်ဖျက်ရေးကို ပံ့ပိုးပေးနိုင်ပါသည်။ ထို့အတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအား ထုတ်ဖော်သည့်လူထုကို အကာအကွယ်ပေးရန် လိုအပ်ပါသည်။ သို့မှသာ လူထု၏ ထိရောက်စွာပူးပေါင်းဆောင်ရွက်မှုကို ရရှိမည်ဖြစ်ပါသည်။

ထိရောက်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကြိုးပမ်းရာတွင် အစိုးရစနစ်တစ်ခုလုံးနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး အတိုင်းအတာဖြင့် ချဉ်းကပ်ရန်လိုအပ်ပါသည်။ ထို့အပြင် အခြားမတူညီသောကဏ္ဍများနှင့် အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၏ ပူးပေါင်းပါဝင်မှုလည်း လိုအပ်မည်ဖြစ်ပြီး လူထု၏ ပူးပေါင်းပါဝင်မှုသည် ထိရောက်သောအကျိုးရလဒ်ကို ရရှိစေမည်ဖြစ်ပါသည်။ ယင်းသို့ လုပ်ဆောင်ခြင်းသည် အဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီကို ဂုဏ်သိက္ခာရှိစေ၍ တရားမျှတမှုကို ရရှိစေပါသည်။

**ပူးပေါင်းလုပ်ဆောင်မှု**

တိုက်ရိုက်အဂတိလိုက်စားမှုနှင့် သွယ်ဝိုက်အဂတိလိုက်စားမှု နှစ်မျိုးစလုံးသည် နိုင်ငံတစ်နိုင်ငံ၏ ကဏ္ဍအသီးသီး၊ ပုဂ္ဂလိကကဏ္ဍများနှင့် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများကို ထိခိုက်စေသည့်အပြင် ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိခိုက်စေလျက်ရှိသဖြင့် လူတိုင်းနှင့်သက်ဆိုင်သော ကိစ္စရပ်ဖြစ်ပါသည်။ အဂတိလိုက်စားမှုကို ကိုယ်တိုင်လုပ်ဆောင်ခြင်း၊ အားပေးခြင်း၊ မျက်ကွယ်ပြုနေခြင်းသည် အခြေအနေကိုပိုမိုဆိုးရွားစေပြီး အဂတိလိုက်စားမှုကို ထုတ်ဖော်ခြင်း၊ လက်မခံခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ဥပဒေနှင့်အရေးယူခြင်းသည် အဂတိလိုက်စားမှုကိုလျော့ပါးစေမည်ဖြစ်ပါသည်။ အဂတိလိုက်စားမှု လျော့ပါးရေး၊ တိုက်ဖျက်ရေးအတွက် လိုအပ်သော မူဝါဒများ၊ ဥပဒေများ၊ အုပ်ချုပ်မှုစနစ်များရှိရန်လိုအပ်သည့်အပြင် တာဝန်ယူတာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အပြန်အလှန်ထိန်းကျောင်းမှုစနစ်များဖြင့်လည်း အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ပါသည်။

အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ၊ ဆင်းရဲသောနိုင်ငံများနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ဆဲနိုင်ငံများအတွက် အဂတိလိုက်စားမှုသည် ကြီးမားသောအဟန့်အတားတစ်ခုဖြစ်ပါသည်။ နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်များ၊ စီးပွားရေးနှင့် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုများ တည်ဆောက်ရာတွင် အဂတိလိုက်စားမှုများကြောင့် နိုင်ငံ၏စနစ်များကို အောက်ခြေမှလိုက်၍ပျက်စီးစေသဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ခြင်း၊ ဟန်ချက်ညီ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ထိရောက်အောင်မြင်စေမည်ဖြစ်ပါသည်။ ။

■

# စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်

**စစ်တွေ အောက်တိုဘာ ၂၃**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထောက်ပံ့ပေးအပ်**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြပြီး သွေးလှူဒါန်းကြသည့် ဝန်ထမ်း များကို အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ် ကြသည်။

အလားတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်နှင့် ကျန်းမာရေးဝန်ထမ်းများက လည်း သွေးလှူဒါန်းကြသူများကို အားဖြည့်အစား အစာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါသွေးလှူဒါန်းပွဲတွင် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ရခိုင်ပြည်နယ်ရုံးနှင့် စစ်တွေခရိုင်ရုံး၊ စစ်တွေမြို့နယ်ရုံးတို့မှ ဝန်ထမ်းစုစုပေါင်း ၅၆ ဦး တို့က သွေးအမျိုးအစားမျိုးစုံ ၅၆ လုံးကို စုပေါင်း လှူဒါန်းခဲ့ကြသည်။ ပြည်နယ်(ပြန်/ဆက်)






# တာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိပြီး ဥပဒေနှင့်အညီ ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၃**

တာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်၊ တပ်ဖွဲ့ဝင်အချင်းချင်း ညီရင်းအစ်ကိုသဖွယ် အပြန်အလှန် ထိန်းကျောင်းပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တာဝန် ထမ်းဆောင်ကြရန် ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ယမန် နေ့နံနက် ၉ နာရီက တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်း အဝေးခန်းမတွင် ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း များအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား တွင် ပြောကြားသည်။

**စွမ်းစွမ်းတမံကြိုးစား**

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရဲတပ်ဖွဲ့ဝင်များသည် အများ ပြည်သူလုံခြုံရေးအတွက် စွမ်းစွမ်း တမံ ကြိုးစားဆောင်ရွက်နေမှု အပေါ် တိုင်းဒေကြီးအစိုးရအဖွဲ့ (ကိုယ်စား) အသိအမှတ်ပြု ဂုဏ်ပြုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့ ဝင်များနှင့် စာရေးဝန်ထမ်း ၄၄၀၀ အတွက် တစ်ဦးလျှင် ဆန် ၁၂ ပြည်နှုန်းဖြင့် ၂၄ ပြည်ပါ ဆန်အိတ် ၂၂၀၀ ကို ထောက်ပံ့ပေးအပ်ရာ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရဲတပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မကွေးမြို့တွင် စက်မှုဇုန်အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**မကွေး အောက်တိုဘာ ၂၃**

မိမိတို့တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ထုတ်ကုန်များ အား ပိုမိုအောင်မြင်စွာ ရောင်းချနိုင်ရေးအတွက် ထုတ်ကုန်ပြပွဲကို ကျင်းပဆောင်ရွက်သွားမည်ဖြစ် ကြောင်း မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ကျင်းပသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းများ ပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

**စက်မှုဇုန်အကောင်အထည်ဖော်**

တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါထုတ်ကုန် ပြပွဲတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများ ပါဝင်သည့် စကားဝိုင်း (Talk Show) အား ထည့်သွင်းကျင်းပ သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး မြို့တော် ဖြစ်သည့် မကွေးမြို့တွင် စက်မှုဇုန် အကောင်အထည် ဖော်ဆောင်ရွက်သွားရန် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဌာန အသီးသီးမှ တာဝန်ရှိသူများက စက်မှုဇုန် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆွေးနွေး ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာ ကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး
(ပြန်/ဆက်)





# ကျောင်းသားများအား စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**ကျောင်းကုန်း အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သည် ကျောင်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းသို့ ယနေ့မွန်းလွဲ ၁ နာရီက ရောက်ရှိပြီး ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာပေးပွဲတွင် ပြင်ပဖြေအဖြစ် ဝင်ရောက်ဖြေဆို ကြမည့် ကျောင်းသားကျောင်းသူ များအား ပုံနှိပ်စာအုပ်များ၊ ဗလာ စာအုပ် တစ်ဒါဇင်စီ၊ ဘောပင် ၁၀ ချောင်းစီတို့ကို ထောက်ပံ့ပေးအပ် ခဲ့သည်။

**နောက်ဆုံးအခွင့်အရေး**

ကျောင်းကုန်းမြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှု ဖြင့် ယခုနှစ်သည် Grade11 စနစ် ဟောင်း ကျောင်းသား ကျောင်းသူ များအတွက် နောက်ဆုံးအခွင့် အရေးအဖြစ် ဖြေဆိုကြမည်ဖြစ်ရာ ပြင်ပတွင် အလုပ်လုပ်နေ၍ ကျောင်း မတက်နိုင်သည့် အ.ထ.က (၁)၊ ဒေါင့်ကြီးနှင့် အစုကြီး အ.ထ.က တို့မှ ကျောင်းသား ကျောင်းသူ ၆၈ ဦးတို့ကို စေတနာဖြင့် ဆရာ ဆရာမများက သင်ကြားပေး လျက်ရှိသည်။

**ပြင်ပဖြေ ၃၇၉ ဦး**

ကျောင်းကုန်းမြို့နယ်တွင် အ.ထ.က (၁) မှ ၁၉ ဦး၊ ကံ့ကော် ဘုန်းတော်ကြီးကျောင်းမှ ၉၀၊ ရွှေညောင်ပင် (ဘက) ကျောင်းမှ ၇၀၊ ကိုယ်ပိုင်ကျောင်းများမှ ၂၅ ဦး၊ သရက်ကုန်းကျောင်းမှ ရှစ်ဦး၊ မီးသွေးတိုက်ကျောင်းမှ ခြောက် ဦး၊ ချောင်ကြီးကျောင်းမှ ရှစ်ဦး၊ ဒေါင့်ကြီးကျောင်းမှ ၁၅ ဦး၊ အစုကြီးကျောင်းမှ ၃၄ ဦးနှင့် ဘာသာရပ်သင်ကျောင်းမှ ၁၀၄ ဦး စုစုပေါင်း ၃၇၉ ဦးတို့သည် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ပြင်ပဖြေအဖြစ် ဝင်ရောက် ဖြေဆိုကြမည်ဖြစ် ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

# ပုဗ္ဗသီရိမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက်၌ ၁၃၈၄ ခုနှစ် သီတင်းကျွတ်လကွယ်နေ့ ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီက ကြီးမှူး၍ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်(၂) ဦးဇေယျာလင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်(၃) ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်သာသနာရေးမှူး ဦးဆန်းထွန်းအောင်၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ကာ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏာမထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးများထံမှ ဆုံးမဩဝါဒခံယူနာကြား၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြသည်။ ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ပြီးမြောက်ကြောင်း ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ရွှေသင်္ကန်းကပ်လှူပူဇော်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များသည် နေရောင်ပြအင်းဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ရွှေလွှမ်းတောင်ဆရာတော်ထံ သာသနာဆိုင်ရာကိစ္စရပ်များ လျှောက်ထားပန်ကြား၍ စေတီတော်မြတ်အား ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ သတ္တမအကြိမ် သဒ္ဓမ္မာလင်္ကာရစာမေးပွဲ စာအောင်ဆုနှင်းသဘင် ဝိဇယမင်္ဂလာအခမ်းအနား ကျင်းပ

**မုံရွာ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်လုံးဆိုင်ရာ မဟာနာယက ဩဝါဒါစရိယဆရာတော်ကြီးများ ကြီးမှူးကျင်းပသော သတ္တမအကြိမ် သဒ္ဓမ္မာလင်္ကာရစာမေးပွဲစာအောင်ဆုနှင်းသဘင် ဝိဇယမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ သဒ္ဓမ္မဇောတက သုဇောခရုံကျောင်းတိုက် သဒ္ဓမ္မဇောတကဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ရေးဦးစွာ မုံရွာမြို့ ဘုရားလှကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလက အခမ်းအနားဖွင့် ဂါထာတော် ရွတ်ဖတ်၍ဖွင့်လှစ်ပြီး မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက် သဒ္ဓမ္မာလင်္ကာရစာမေးပွဲ မဟာနာယက၊ နိုင်ငံတော်သံဃမဟာနာယက ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် မုံရွာမြို့ ဓမ္မပါရဂူကျောင်းတိုက် သဒ္ဓမ္မာ လင်္ကာရစာမေးပွဲ မဟာနာယက နိုင်ငံတော်သံဃမဟာနာယက ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးထံတော်မှ ဩဝါဒကထာနာယူကြည်ညိုပြီး သဒ္ဓမ္မာလင်္ကာရစာမေးပွဲ မဟာနာယကဆရာတော်ကြီးများက အကျော်တန်းပထမရှင်ကောသလ္လအား အောင်လက်မှတ်နှင့် စာအောင်ဆုကိုလည်းကောင်း၊ ဝိသိဋ္ဌဝိနယာလင်္ကာရ သာမဏေကျော်ဘွဲ့ရ ရှင်ကုဝေရအား ဘွဲ့လက်မှတ်၊ ဘွဲ့တံဆိပ်နှင့် အောင်လံတော်ကိုလည်းကောင်း၊ ဝိနယာလင်္ကာရ သာမဏေကျော်ဘွဲ့ရ ရှင်ဝိဝေကအား ဘွဲ့လက်မှတ်၊ ဘွဲ့တံဆိပ်နှင့် အောင်လံတော်တို့ကိုလည်းကောင်း ဆက်ကပ်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက စာအောင်သံဃာတော်များအား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သဒ္ဓမ္မာလင်္ကာရစာမေးပွဲ မဟာနာယက၊ ဩဝါဒါစရိယ ဆရာတော်ကြီးများက စာအောင်ကျောင်းတိုက်အသီးသီးမှ ကိုယ်စားပြုသံဃာတော်များထံ စာအောင်သာမဏေကျော်များ၏ အောင်လက်မှတ်နှင့် အောင်ဆုများ ဆက်ကပ်ချီးမြှင့်ကာ မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြည်ညိုပြီး ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

အဆိုပါသဒ္ဓမ္မာလင်္ကာရစာမေးပွဲသို့ကျောင်းတိုက်ပေါင်း ၂၇ တိုက်မှ ရှင်သာမဏေပေါင်း ၆၇၉ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၅၀၄ ပါး အောင်မြင်ခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စုစုပေါင်းလှူဒါန်းငွေကျပ် ၃၄၄၀၀၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘီးလင်းမြို့ အထက(ကန်သာယာ)၌ စာပေစကားဝိုင်း ပြုလုပ်

**ဘီးလင်း အောက်တိုဘာ ၂၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပညာရေးဌာန၊ စာပေချစ်မြတ်နိုးသူများ အသင်း (Book Club) အဖွဲ့တို့နှင့် ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာပေစကားဝိုင်းကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက အထက (ကန်သာယာ) မဟော်သဓာခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

ရေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းသူက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ကျောင်းသား ကျောင်းသူများ အနေဖြင့် ပြင်ပဗဟုသုတ စာပေများ ဖတ်ရှုသည့်အလေ့အကျင့်အားကောင်းလာစေရန် နှင့် ပြင်ပစာပေများ လေ့လာခြင်းအားဖြင့် အသိပညာဗဟုသုတများ ဖွံ့ဖြိုးကာ အမှား၊ အမှန် ဝေဖန်ပိုင်းခြားလာနိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်များ ဖြစ်လာစေရန်အတွက် စာပေစကားဝိုင်းကို ပြုလုပ်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာပေချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင် ဦးတင်ထွန်းဦးနှင့် အထက (ကန်သာယာ) မှ ကျောင်းသား မောင်ထက်ရှင်းကို၊ ကျောင်းသူ မပန်းဆည်းဆာလွင်တို့က ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာပေရေးရာများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက သိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း၊ ဖြေကြားခြင်းနှင့် ပါဝင်ဖြည့်စွက် ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး စာပေစကားဝိုင်း ဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ အထက (ကန်သာယာ) မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■



# မအူပင်မြို့နယ်၌ ထက်၊ လယ်၊ မူကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**မအူပင် အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် အခြေခံပညာကျောင်းများမှ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အထက(၁) မအူပင်မြို့ မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါက်တာသန္တာဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းယုမော်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါဆွေးနွေးပွဲသို့ မအူပင်မြို့နယ်အတွင်းရှိ အခြေခံပညာ ထက်၊ လယ်၊ မူကျောင်း ၃၂၂ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း နှစ်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၃၂၄ ဦး တက်ရောက်ခဲ့ပြီး နှစ်ရက်တာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာနှင့် အာဆီယံ

ဗစ်တာ(ကေတုမတီ)

၁၉၆၇ ခုနှစ်တွင် Bangkok Declaration ဖြင့် စတင်တည်ထောင်ခဲ့ကြသည့် အာဆီယံအဖွဲ့ကြီးသည် ယနေ့အခါတွင် နှစ်ပေါင်း ၅၅ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ စတင်ဖွဲ့စည်းစဉ်က အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သာ ပါဝင်ခဲ့ပါသည်။ အမျိုးမျိုးသော နိုင်ငံရေး၊ လုံခြုံရေးဆိုင်ရာ စဉ်းစားမှုများ၊ နိုင်ငံများ၏ အတွင်းအပြင် ပတ်ဝန်းကျင်အခြေအနေများကို ထည့်သွင်းစဉ်းစားခဲ့ကြသော်လည်း မူလပထမကြေညာချက်ထွက်ပေါ်လာသည့်အခါတွင် စီးပွားရေးဆိုင်ရာအခြေခံများသာ ပါဝင်ခဲ့ပါသည်။ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွင် တိတိကျကျ ဖော်ညွှန်းခဲ့ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က အာဆီယံခေါင်းဆောင်များသည် အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် ဖြစ်ပေါ်နေသည့် ကွန်မြူနစ်ဝါဒကို ဆန့်ကျင်သော စစ်ရေးမဟာမိတ်အဖွဲ့အစည်းသဘော မသက်ရောက်စေရေး သတိထားရှောင်ရှားလိုသည့်အတွက်ဖြစ်ကြောင်း တွေ့မြင်ရပါသည်။ ထို့အပြင် စတင်တည်ထောင်ချိန်က အဓိက ရည်မှန်းချက်သုံးရပ်အနက် **“အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှု၊ ကြီးစိုးမှုများ ဒေသတွင်း စိမ့်ဝင်ပျံ့နှံ့မလာစေရေးအတွက် ဒေသတွင်း နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းကာကွယ်ရန်”**ဟူသော အချက်တစ်ချက် ပါဝင်ခဲ့ပါသည်။

၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်ကဲ့သို့ ကွန်မြူနစ်နိုင်ငံအား အဖွဲ့ဝင်အဖြစ် လက်ခံခဲ့စဉ်ကလည်း နယ်ချဲ့လက်သစ်နိုင်ငံများက နည်းအမျိုးမျိုးဖြင့် ကန့်ကွက်ခဲ့ကြပါသည်။ သို့သော်လည်း အရှေ့တောင်အာရှ နိုင်ငံများ၏အရေးကို ဒေသတွင်းနိုင်ငံများကသာ ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့အတူ မြန်မာနိုင်ငံဝင်ရောက်မည့် ကိစ္စတွင်လည်း နယ်ချဲ့လက်သစ်များသည် **“လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး”**ဟူသော စကားလုံးလှလှများဖြင့် ဝိုင်းဝန်းကန့်ကွက်ခဲ့ကြပါသည်။ သို့သော်လည်း အာဆီယံမိတ်ဆွေကောင်းများက ၎င်းကန့်ကွက်မှုများကို ပယ်ချခဲ့ကြပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် မြန်မာနိုင်ငံအား အာဆီယံအဖွဲ့ဝင်ဖြစ်လာရေး လိုလိုလားလားပင် ဝိုင်းဝန်းကူညီဖေးမခဲ့ကြပါသည်။ ၁၉၉၄ ခုနှစ်တွင်လည်း စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဗိုဗန်ကီယက်တို့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြပြီး အာဆီယံနှင့် ဆက်ဆံရေးကို တိုးမြှင့်ပေးနိုင်ခဲ့ပါသည်။ ထို့အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်လည်း ၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးအုန်းဂျော်သည် အိမ်ရှင်ထိုင်းနိုင်ငံ၏ ဖိတ်ကြားချက်အရ (၂၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားတို့ လေ့လာသူအဖြစ် ပါဝင်တက်ရောက်ခဲ့ကြပါသည်) သို့လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။ ထို့အပြင် ၁၉၉၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် အာဆီယံဒေသဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ (ARF)သို့လည်း မြန်မာနှင့် ကမ္ဘောဒီးယားတို့က လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါသည်။

**အာဆီယံထိပ်သီးအစည်းအဝေးသို့ ပထမဆုံးအကြိမ်တက်ရောက်ခြင်း**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဗန်ကောက်မြို့၌ ပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများ ထိပ်သီးတွေ့ဆုံပွဲသို့ ကိုယ်တိုင်တက်ရောက်ကာ သမိုင်းဝင်မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။ မိန့်ခွန်းတွင် **“အရှေ့တောင်အာရှဒေသမှာ အစိတ်အပိုင်းနှစ်ခုဖြစ်နေတာမျိုး မလိုလားပါဘူး၊ ကျွန်တော်တို့အားလုံးစည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ဒေသဟာ ကမ္ဘာ့အလယ်မှာ ထူးခြားပြောင်မြောက်စွာ ပါဝင်ရပ်တည်နိုင်မယ်လို့ မြန်မာနိုင်ငံက ခံယူပါတယ်”၊ “စစ်မှန်တဲ့ စည်းလုံးညီညွတ်တဲ့ အရှေ့တောင်အာရှဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ အခြားတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုမှုဆိုတဲ့ မူကြီးများနဲ့ အညီဖြစ်ဖို့ လိုအပ်ပါတယ်”**ဟု ပြောကြားခဲ့ပါသည်။ အဆိုပါမိန့်ခွန်းကို ထိုင်းနိုင်ငံ၏ The Nation သတင်းစာတွင် ဖော်ပြခဲ့ကြောင်းတွေ့ရပြီး မြန်မာနိုင်ငံ၏ ရပ်တည်ချက်သာမက အာဆီယံ၏ရပ်တည်ချက်အဖြစ်ပါ ဖော်ပြနိုင်ခဲ့ပါသည်။ ထို့အပြင် **“အရှေ့တောင်အာရှနိုင်ငံများအကြား တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် အရေးကြီးကြောင်း”** အာဆီယံခေါင်းဆောင်များက ပြောကြားခဲ့ကြပါသည်။ မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်ကလည်း **“အာဆီယံနိုင်ငံများ၏ စီးပွားရေးအင်အား ခိုင်မာတောင့်တင်းလာခြင်းသည် ပြည်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုကို ဟန့်တားလာနိုင်စွမ်းရှိပြီဖြစ်ကြောင်း၊ ရည်မှန်းချက်ပြည့်မြောက်ရေးအတွက် စည်းလုံးညီညွတ်ရန်လိုကြောင်း”** ပြောကြားခဲ့ပြီး အာဆီယံ၏ ရပ်တည်ချက်ကို ဖော်ပြခဲ့ကြပါသည်။

ထို့နောက် ၁၉၉၆ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုအာဂျစ်ဆင်းသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး အာဆီယံအဖွဲ့ဝင်ဖြစ်ရေး မြန်မာနိုင်ငံ၏ပြင်ဆင်မှုများကို ကြည့်ရှုရန်နှင့် လိုအပ်သောအကူအညီပေးနိုင်ရန်အတွက် လေ့လာခဲ့ပါသည်။ ထိုသို့လာရောက်ချိန်တွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို တွေ့မြင်ခဲ့ရပါသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ပြုလုပ်သည့် အာဆီယံထိပ်သီးတွေ့ဆုံပွဲ၌ ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုတို့အား အာဆီယံအဖွဲ့သို့ တစ်ပြိုင်တည်းဝင်ရောက်ရန် ခွင့်ပြုခဲ့ပါသည်။ ထို့နောက် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် မလေးရှားဝန်ကြီးချုပ် မဟာသီယာက **“အာဆီယံက မြန်မာနိုင်ငံနှင့် အပြုသဘောဆောင်သည့် ဆက်ဆံရေးထားရှိခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများနှင့်ဆက်ဆံမှု ကျယ်ပြန့်လာစေရန် အထောက်အကူပြုကြောင်း၊ အပြုသဘောဆောင်သည့် ဆက်ဆံရေးသည် မြန်မာနိုင်ငံအဖို့ အကျိုးသက်ရောက်မှုမရှိဟု ပြောကြားမည်ဆိုလျှင် ပြောကြားသူတိုင်းသည် ဖြစ်ရပ်မှန်ကို မမြင်ကြသူများသာဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့ပါသည်။

**အာဆီယံအလှည့်ကျဥက္ကဋ္ဌ (၂၀၂၃)**

လာမည့် ၂၀၂၃ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံဖြစ်ပါသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတည်ရှိရာနိုင်ငံဖြစ်ပြီး အာဆီယံ၏ အရေးကိစ္စများတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပါသည်။ အာဆီယံအဖွဲ့သို့ မြန်မာနိုင်ငံ စတင်ဝင်ရောက်ခဲ့စဉ်ကလည်း လိုလိုလားလား ကြိုဆိုခဲ့သလို သမိုင်းတွင်လည်း မြန်မာနိုင်ငံနှင့်ဆက်ဆံရေးကောင်းများ ရှိထားသည့်နိုင်ငံဖြစ်ပါသည်။

> **အင်ဒိုနီးရှားနိုင်ငံသည် ၁၉၉၇ ခုနှစ်က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုပြုလုပ်ခဲ့သည့် အမေရိကန်၏လုပ်ရပ်အပေါ်တွင်လည်း ကန့်ကွက်ခဲ့ပါသည်။ “မြန်မာအရေးကိစ္စမျိုးမှာ ပိတ်ပင်မှုတွေဟာ ဆီလျော်လိမ့်မယ်၊ အလုပ်ဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ အာဆီယံက မယုံကြည်ပါဘူး”ဟု အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး အလာတပ်စ်က ပြောကြားခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံအဖွဲ့အတွင်း ထိုက်သင့်သည့် ခေါင်းဆောင်မှုမျိုးပေးနိုင်ခဲ့သလို အာဆီယံအဖွဲ့ကို ပြင်ပသွေးထိုးမှုရန်များမှလည်း ကာကွယ်ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံနှင့် အပြန်အလှန်ကျေးဇူးတရားများရှိခဲ့သော အင်ဒိုနီးရှားအနေဖြင့် လာမည့်အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင်လည်း အာဆီယံအဖွဲ့ကြီး၏ အကျိုးအတွက် မားမားမတ်မတ် ရပ်တည်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်မိ**

အင်ဒိုနီးရှားသမ္မတ ဆူဟာတို၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၏ အင်ဒိုနီးရှားခရီးစဉ်အတွင်း ၁၉၉၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ပြုလုပ်ခဲ့သော ညစာစားပွဲ၌ အင်ဒိုနီးရှားသမ္မတ ဆူဟာတိုက ယခုလို ပြောကြားခဲ့ပါသည်–

**“အင်ဒိုနီးရှားနိုင်ငံအနေနဲ့ လွတ်လပ်ရေးကြေညာခဲ့ပြီး အဲဒီလွတ်လပ်ရေးကို ခက်ခဲစွာ ထိန်းသိမ်းနေရတဲ့ အချိန်ကာလမှာ မြန်မာပြည်သူတွေဟာ အဖိုးမဖြတ်နိုင်တဲ့ အကူအညီတွေပေးခဲ့ကြပါတယ်။ အဲဒီအချိန်မှာ သက်တမ်းအင်မတန်နုနယ်သေးတဲ့ အင်ဒိုနီးရှားနိုင်ငံဟာ မိမိရဲ့ရပ်တည်ဖြစ်ပေါ်မှုကို ခြိမ်းခြောက်လျက်ရှိတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်၊ ဒီလိုအရေးကြီးတဲ့နှစ်ကာလတွေမှာ မြန်မာခေါင်းဆောင်တွေက အင်ဒိုနီးရှားနိုင်ငံနဲ့ပတ်သက်တဲ့ ညီလာခံတစ်ရပ်ကို နယူးဒေလီမြို့မှာကျင်းပဖို့ အိန္ဒိယနိုင်ငံကို တိုက်တွန်းခဲ့ပါတယ်။ အဆိုပါညီလာခံဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ လွတ်လပ်ရေးကို နိုင်ငံတကာ အသိုင်းအဝိုင်းမှာ အသိအမှတ်ပြုလာဖို့ အခြေအနေဖြစ်ပေါ်စေခဲ့ပါတယ်။ အဲဒီအချိန်က အင်ဒိုနီးရှားနိုင်ငံရဲ့ ကြိုးပမ်းလှုပ်ရှားမှုတွေကို ကမ္ဘာတစ်ဝန်းက သိရှိနိုင်ရေးအတွက် အသံထုတ်လွှင့်နိုင်ဖို့ ဆက်သွယ်ရေးစနစ်တစ်ရပ်ကိုလည်း မြန်မာနိုင်ငံမှာ တပ်ဆင်ခွင့်ပေးခဲ့ပါတယ်။ ဒါ့အပြင် အင်ဒိုနီးရှားနိုင်ငံရေးအတွက် ရန်ပုံငွေတွေရှာဖွေဖို့နဲ့ အင်ဒိုနီးရှား လွတ်မြောက်ရေး တိုက်ပွဲဝင်သူတွေအတွက် လက်နက်တွေ ထောက်ပံ့ဖို့ဂါရုဒါအင်ဒိုနီးရှားလေကြောင်းလိုင်းကို ပျံသန်းပြေးဆွဲဖို့လည်း မြန်မာနိုင်ငံက ခွင့်ပြုခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ အဆိုပါဖြစ်ရပ်တွေကို ဘယ်တော့မှမေ့နိုင်မှာမဟုတ်ပါဘူး။ အဆွေတော်ဥက္ကဋ္ဌကြီး အခုလို ကျွန်တော်တို့နဲ့ အတူတကွရှိနေချိန်မှာ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ ပြန်ပြောင်းသတိရပြီး အထူးပဲကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်”**

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံသည် ၁၉၉၇ ခုနှစ်က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုပြုလုပ်ခဲ့သည့် အမေရိကန်၏လုပ်ရပ်အပေါ်တွင်လည်း ကန့်ကွက်ခဲ့ပါသည်။ **“မြန်မာအရေးကိစ္စမျိုးမှာ ပိတ်ပင်မှုတွေဟာ ဆီလျော်လိမ့်မယ်၊ အလုပ်ဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ အာဆီယံက မယုံကြည်ပါဘူး”**ဟု အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး အလာတပ်စ်က ပြောကြားခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံအဖွဲ့အတွင်း ထိုက်သင့်သည့် ခေါင်းဆောင်မှုမျိုးပေးနိုင်ခဲ့သလို အာဆီယံအဖွဲ့ကို ပြင်ပသွေးထိုးမှုရန်များမှလည်း ကာကွယ်ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံနှင့် အပြန်အလှန်ကျေးဇူးတရားများရှိခဲ့သော အင်ဒိုနီးရှားအနေဖြင့် လာမည့်အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင်လည်း အာဆီယံအဖွဲ့ကြီး၏ အကျိုးအတွက် မားမားမတ်မတ် ရပ်တည်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

**အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုပုံစံများ**

အာဆီယံသည် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ စည်းစည်းလုံးလုံး ရပ်တည်ခဲ့ကြပါသည်။ မူလ အဖွဲ့ဝင်ငါးနိုင်ငံအကြား ပဋိပက္ခများရှိခဲ့ကြသော်လည်း မည်မျှပင် တင်းမာမှုများ မြင့်တက်နေခဲ့ကြပါစေ နောက်ဆုံးတွင် ဆွေးနွေးပွဲများမှတစ်ဆင့် ဇွေစပ်ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ဥပမာ– မလေးရှားနှင့် အင်ဒိုနီးရှားတို့ ဖြစ်ပွားခဲ့သော Konfrantasi ကိစ္စ၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့ ဆာဘားတွင် ဖြစ်ပွားခဲ့သောကိစ္စ၊ မလေးရှားနိုင်ငံမှ စင်ကာပူအား ခွဲထုတ်ပစ်ခဲ့ရသော ကိစ္စတို့ဖြစ်ကြပါသည်။ အာဆီယံအနေဖြင့် ဘုံအကျပ်အတည်းအဖြစ် ရင်ဆိုင်ခဲ့ရသောအကြီးဆုံးကိစ္စမှာ ကွန်မြူနစ်ဝါဒပြန့်ပွားလာမှုပင်ဖြစ်ပြီး စိုးရိမ်ခဲ့ကြသော အခြားကိစ္စမှာ နိုင်ငံကြီးများအတွက် ကိုယ်စားပြုစစ်ပွဲ (Proxy Wars) ဖြစ်ပါသည်။

အာဆီယံ၌ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် တွေ့ဆုံဆွေးနွေးမှုနှင့် ညှိနှိုင်းမှုများအား ဘုံသဘောတူညီချက်(Consensus) ရရှိသည်အထိ ဆောင်ရွက်လေ့ရှိပြီး အချေအတင်ပြောဆိုဆွေးနွေးရမည့်ကိစ္စများကို ဘေးဖယ်ထားလေ့ရှိပါသည်။ အဖွဲ့၏စည်းလုံးမှုကို ထိခိုက်လာနိုင်သောကိစ္စရပ်များအား ရှောင်ရှားဆောင်ရွက်သကဲ့သို့ သဘောတူရန်ခက်ခဲသည့်ကိစ္စမျိုးတွင် ရပ်တည်မှုအရ သဘောမတူသော်လည်း ထောက်ခံအားပေးမှုပြုခြင်းများကို တွေ့မြင်ရပါသည်။ အာဆီယံ၏ Multilateralism သည် အလွတ်သဘောကို ပိုမိုဦးစားပေးခြင်းဖြစ်ပြီး အဖွဲ့အစည်းအတွက် စည်းလုံးမှုပျက်ပြားစေနိုင်မည့် အပိုဖြစ်လာနိုင်သော ကိစ္စရပ်များကို ရှောင်ရှားဆောင်ရွက်လေ့ရှိပါသည်။ အာဆီယံအစည်းအဝေးများမှ အမြင်ချင်းဖလှယ်မှုများကို လေ့လာပါကလည်း Degree of Transparency၊ Commitmentများကို တရားဝင်ဖြစ်အောင် ထည့်သွင်းခြင်းမပြုသည်ကို တွေ့ရပါသည်။ အထူးသဖြင့် လုံခြုံရေးနှင့် နိုင်ငံရေးကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချနိုင်လောက်သည့်အချက်မျိုး ရှင်းရှင်းလင်းလင်း **စာမျက်နှာ ၁၁ သို့** ☆

# သမ္မတရှီကျင့်ဖျင်အား တရုတ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးကောက်တင်မြှောက်




**ပေကျင်း အောက်တိုဘာ ၂၃**

ယနေ့ကျင်းပပြုလုပ်သည့် တရုတ်ကွန်မြူနစ်ပါတီ(CPC) အကြိမ်(၂၀)မြောက် ဗဟိုကော်မတီ၏ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးတွင် သမ္မတရှီကျင့်ဖျင်အား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြောင်း ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

**တက်ရောက်**

သမ္မတရှီကျင့်ဖျင်က သဘာပတိအဖြစ် ကြီးမှူးကျင်းပသည့် အဆိုပါအစည်းအဝေးတွင် တရုတ်ကွန်မြူနစ်ပါတီ(CPC) အကြိမ်(၂၀)မြောက် ဗဟိုကော်မတီဝင် ၂၀၃ ဦးနှင့် အခြားအဖွဲ့ဝင် ၁၆၈ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် သမ္မတရှီအား CPC ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်း ခန့်အပ်ခဲ့သည်။

အစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ခံရသော CPC ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင်များမှာ ရှီကျင့်ဖျင်၊ Li Qiang၊ Zhao Leji၊ Wang Huning၊ Cai Qi၊ Ding Xuexiang နှင့် Li Xi တို့ဖြစ်သည်။

CPC ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီမှ အမည်စာရင်းတင်သွင်းထားသော CPC ဗဟိုကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်များအား အစည်းအဝေးတွင် CPC ဗဟိုကော်မတီ နိုင်ငံရေးဗျူရို၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်များလည်း ရွေးချယ်တင်မြှောက်ခံရကြောင်း သိရသည်။

အစည်းအဝေးတွင် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်များကိုလည်းရွေးချယ်ခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ပထမအကြိမ် စုံညီအစည်းအဝေးတွင် ရွေးကောက်တင်မြှောက်ခံရသော ဗဟိုကော်မရှင်၏ စည်းကမ်းစစ်ဆေးရေးဆိုင်ရာ အမြဲတမ်းကော်မတီ (CCDI)၏ အတွင်းရေးမှူး၊ လက်ထောက်အတွင်းဝန်များနှင့် အဖွဲ့ဝင်များကိုလည်း အစည်းအဝေးတွင် အတည်ပြုခဲ့ကြောင်းသိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံက ရုရှားနိုင်ငံထံမှ ရေနံဝယ်ယူရန် စီစဉ်နေ



ဖိလစ်ပိုင်နိုင်ငံသမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ

**မနီလာ အောက်တိုဘာ ၂၃**

ဖိလစ်ပိုင်နိုင်ငံသည် အနောက်နိုင်ငံများက ကန့်ကွက်မှုများရှိနေစဉ်မှာပင် ရုရှားနိုင်ငံထံမှ ရေနံဝယ်ယူရန်စီစဉ်နေကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် တင်သွင်းလာသည့် လောင်စာဆီများပေါ်တွင်သာ အဓိကမှီခိုနေရပြီး ယူကရိန်း၌ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခကြောင့် လောင်စာဆီဈေးနှုန်းမြင့်တက်မှုနှင့် ဖိလစ်ပိုင်ငွေကြေးဖြစ်သည့် ပီဆိုတန်ဖိုးကျဆင်းမှုတို့နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**စီစဉ်ထား**

ဖိလစ်ပိုင်နိုင်ငံသည် စီးပွားရေးဖိအားများကို သက်သာစေရန် အလို့ငှာ ရုရှားနိုင်ငံထံမှ ရေနံများဝယ်ယူရန်စီစဉ်ထားကြောင်း ဖိလစ်ပိုင်နိုင်ငံသမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက အောက်တိုဘာ ၅ ရက်တွင် ပြောကြားခဲ့ကြောင်းလည်း သိရသည်။

ယင်းသို့စီစဉ်ထားခြင်းနှင့် စပ်လျဉ်းသည့် ဖိလစ်ပိုင်နိုင်ငံသမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၏ မှတ်ချက်အပေါ် ကြိုဆိုပါကြောင်းလည်း မြို့တော်မနီလာရှိ ရုရှားသံရုံးက ပြောကြားခဲ့သည်။ ထို့အပြင် ဖိလစ်ပိုင်နိုင်ငံတာဝန်ရှိသူများသည် နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်၏ ပြင်ပတွင် ရုရှားနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

ဂျီ-၇ နိုင်ငံများကမူ ရုရှားနိုင်ငံနှင့် ပြုလုပ်မည့် မည်သို့သော ကုန်သွယ်မှုကိုမဆို ကန့်ကွက်နိုင်ဖွယ်ရှိကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၇၃၁ ဦးရှိလာ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၃**

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ပိုင်းမှစတင်ကာ ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၁၇၃၁ ဦးရှိလာပြီး ဒဏ်ရာရရှိသူ ၁၂၈၆၇ ဦးရှိကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

**အမျိုးသမီး ၃၅၀ ပါဝင်**

ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ အောက်တိုဘာ ၂၂ ရက်ညပိုင်းတွင် ထုတ်ပြန်သည့်ထုတ်ပြန်ချက်အရ လက်ရှိအချိန်အထိ မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးခဲ့သူများထဲတွင် ကလေးငယ် ၆၄၅ ဦးနှင့် အမျိုးသမီး ၃၅၀ ပါဝင်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဆင်းပြည်နယ်တောင်ပိုင်းသည် ရေကြီးရေလျှံမှုဒဏ်အခံရဆုံးဖြစ်ကာ လူပေါင်း ၇၉၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ၎င်းနောက်တွင် ဘလိုချီတန်ပြည်နယ်အရှေ့တောင်ပိုင်း၌ ၃၃၆ ဦး၊ ခိုင်ဘာပက်တွန်ခွာပြည်နယ်၌ ၃၀၈ ဦးနှင့် ပန်ဂျက်ပြည်နယ်အရှေ့ပိုင်း၌ ၂၂၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် ခရိုင် ၈၅ ခု ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၃၃ သန်းကျော် ရေကြီးရေလျှံမှုဒဏ်ခံစားခဲ့ရကြောင်း ပါကစ္စတန်နိုင်ငံအမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





# ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၇၂ ဦး ထပ်မံတွေ့ရှိ

**မော်စကို အောက်တိုဘာ ၂၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၇၂ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၃၇၂၉၃၅ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားသည်။


**ပြောကြား**

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၈ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၈၉၅၃၇ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၀၅၇၈ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၇၃၉၀၀၆ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၅၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၅၀၁၄ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန်လွှတ်တော်အဆောက်အအုံကို ဝင်ရောက်စီးနင်းမှုအပေါ် စစ်ဆေးမှုခံယူရန် သမ္မတဟောင်း ထရမ့်အား အမေရိကန်လွှတ်တော် ကော်မတီ ဆင့်ခေါ်




**ဝါရှင်တန် အောက်တိုဘာ ၂၃**

သမ္မတဟောင်းထရမ့်၏ ထောက်ခံအားပေးသူများက အမေရိကန်လွှတ်တော်အဆောက်အအုံကို ယမန်နှစ်က ဝင်ရောက်စီးနင်းခဲ့မှုနှင့်စပ်လျဉ်း၍ အမေရိကန်လွှတ်တော် ကော်မတီက သမ္မတဟောင်း ဒေါ်နယ်ထရမ့်အား စစ်ဆေးမှုခံယူရန် ဆင့်ခေါ်စာ တစ်ရပ် ထုတ်ပြန်ထားကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဖြစ်ပွားခဲ့သော အဓိကရုဏ်းဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည့် အောက်လွှတ်တော်ကိုယ်စားလှယ်အမတ်များက ထရမ့်အား တရားရုံးတွင် လာရောက်ထွက်ဆိုရန် ဆင့်ခေါ်စာတင်သွင်းထားကြောင်း အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

သမ္မတဟောင်းသည် ၂၀၂၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲကို လက်ခံခြင်းမပြုရန်နှင့် ငြိမ်းချမ်းသော အသွင်ကူးပြောင်းရေးကို တားဆီးရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ်မှုအား သမ္မတဟောင်း ကိုယ်တိုင်ကိုယ်ကျကြိုးကိုင်ကာ စီစဉ်ကြီးကြပ်ခဲ့ကြောင်း အထောက်အထားများစွာ စုစည်းထားကြောင်း အမေရိကန်လွှတ်တော် ကော်မတီက ပြောကြားခဲ့သည်။

သက်ဆိုင်ရာ မှတ်တမ်းပစ္စည်းများကို နိုဝင်ဘာ ၄ ရက် နောက်ဆုံးထားပြီး ခုံရုံးသို့ တင်သွင်းရန်နှင့် ထရမ့်သည် နိုဝင်ဘာ ၁၄ ရက် သို့မဟုတ် နိုဝင်ဘာ ၁၄ ရက်ဝန်းကျင်တွင် တရားရုံးသို့ လာရောက်အစစ်ဆေးခံရန် ဆင့်ခေါ်စာတွင် ပါရှိသည်။

ထရမ့်အနေဖြင့် လာရောက်အစစ်ဆေးခံရန် ပျက်ကွက်ပါက ကွန်ဂရက်လွှတ်တော်ကို မထီမဲ့မြင်ပြုခြင်းဖြစ်သည်ဟု ယူဆမည်ဖြစ်ကြောင်းလည်း အဆိုပါဆင့်ခေါ်စာတွင် ဖော်ပြထားသည်။ ကွန်ဂရက်လွှတ်တော်က ထရမ့်ကို ရာဇဝတ်မှုဆိုင်ရာ စွဲချက်တင်နိုင်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် တရားရေးဌာနသို့ လွှဲပြောင်းပေးရန် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

ထရမ့်၏ ဗျူဟာမှူးဟောင်း စတီဗင်ဘန်နွန်သည် ဇန်နဝါရီ ၆ ရက်တွင် ကော်မတီထံမှ ဆင့်ခေါ်စာကို ရရှိခဲ့သော်လည်း တရားရုံးသို့ လာရောက်အစစ်ဆေးခံရန် ပျက်ကွက်ခဲ့သည်။ ကွန်ဂရက်လွှတ်တော်ကို မထီမဲ့မြင်ပြုသည့်အတွက် အောက်တိုဘာ ၂၁ ရက်တွင် ထောင်ဒဏ်လေးလနှင့် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၆၅၀၀ ချမှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**



# ဂျပန်ပင်လယ်ကမ်းရိုးတန်းရှိ ကန်နာဇာဝါမြို့၌ လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်

**တိုကျို အောက်တိုဘာ ၂၃**

ဂျပန်ပင်လယ်ကမ်းရိုးတန်းရှိ ကန်နာဇာဝါမြို့၌ လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ အဆောက်အအုံအချို့ ပျက်စီးခဲ့သည်။

အအေးဒဏ်ကြောင့် ရာသီဥတုပြင်းထန်လာသည့်အချိန်တွင် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ကန်နာဇာဝါမြို့ရှိ ပြတိုက်အဝင်ဝ တံခါးမှန်များ ကွဲအက်သွားခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်းတိုက်ခတ်စဉ် ကြီးမားသော အသံကိုကြားရပြီး မြူမှုန်ဖြူများ လှည့်ပတ်နေသည့် ပုံသဏ္ဍာန်ကို မြင်လိုက်ရသည်ဟု ပြတိုက်မန်နေဂျာက ဆိုသည်။ ဧည့်သည်များ ထိခိုက်ဒဏ်ရာရခြင်း မရှိသည့်အတွက် စိတ်သက်သာရာရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အနီးအနားရှိ အဆောက်အအုံတစ်ခု၏ ခေါင်မိုးများ လွင့်ထွက်ပြီး ဓာတ်အားလိုင်းများ ပြတ်တောက်သွားကြောင်းလည်း ၎င်းက ဆိုသည်။

ဖုန်မှုန့်များနှင့် ဆောက်လုပ်ရေးပစ္စည်းများ ဝေဟင်တွင် ဝဲပျံနေသည့်အတွက် အန္တရာယ်အလွန်များကြောင်း ဒေသခံအမျိုးသားတစ်ဦးက ပြောကြားသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄ ဒသမ ၆ သန်းကျော်ရှိလာ

**နယူးဒေလီ အောက်တိုဘာ ၂၃**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၉၉၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၄၆၄၂၇၄၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၂၃၄၃၂ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ လေးဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၉၆၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၆၀၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၄၄၀၉၀၃၄၉ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံကျော်အသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူကိုးသန်းနီးပါးအား ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**





# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၃၆ ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၂၃**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၃၇ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၇၇၉ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၅၈၅ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၉၄၆၃၄ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၃၃၆၉ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၆၅ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ မြို့တော် မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၃၉၇၇ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၄ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

လူဦးရေသန်း ၁၁၀ ခန့်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်– ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် "1111" ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် "1111" ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက် ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မြဝတီအာရှလမ်းမကြီးပေါ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည့် ပွင့်နေခြည် ဇာတ်သဘင်အဖွဲ့အတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်

**မော်လမြိုင် အောက်တိုဘာ ၂၃**

မြဝတီ အာရှလမ်းမကြီးပေါ်တွင် အောက်တိုဘာ ၅ ရက်က ယာဉ်မတော်တဆဖြစ်ပွားခဲ့သော မြန်မာနိုင်ငံ သဘင်အစည်းအရုံးဝင် မွန်ပြည်နယ် မော်လမြိုင်မြို့မှ ပွင့်နေခြည်ဇာတ်အဖွဲ့အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံးဝင် အနုပညာရှင်များစုပေါင်း၍ ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် သဘင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်က သဘင်အဖွဲ့သားများ ယခုလို အဖြစ်အပျက် ကြုံတွေ့ရ၍ များစွာစိတ်မကောင်း ဖြစ်ရကြောင်း၊ သဘင်အဖွဲ့သားများသည်လည်း ပြည်သူထဲက ပြည်သူများဖြစ်ပြီး ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံရသူများဖြစ်ကြောင်း၊ မွန်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် အောက်တိုဘာ ၁၂ ရက်က ငွေကျပ်သိန်း ၄၀ ထောက်ပံ့ ကူညီပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆိုလျှင် ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်၍ ပံ့ပိုးကူညီသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးစိန်မြအောင်နှင့် တာဝန်ရှိသူများက ပွင့်နေခြည် ဇာတ်သဘင်အဖွဲ့မှ သေဆုံးသူ ၁၂ ဦးနှင့် ဒဏ်ရာရသူ ၁၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၉၆ သိန်းကို ပေးအပ်ခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများ၏ မိသားစုဝင်များက လက်ခံရယူခဲ့ပြီး မြို့နယ်သဘင်အစည်းအရုံး ဥက္ကဋ္ဌဦးဆန်းလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဟင်္သာတမြို့ ပဒေသာဈေးကြီးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြ

**ဟင်္သာတ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ ဈေးများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ပိုင်စက်များဖြင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းများကို ယနေ့နံနက် ၉ နာရီက ပဒေသာဈေးကြီးနှင့် ငွေဝင်းဈေးတို့တွင် ပြုလုပ်သည်။

**ဇာတ်တိုက်လေ့ကျင့်**

အဆိုပါ သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်သိန်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးနောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ပဒေသာဈေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၈၀ တက်ရောက်ခဲ့ပြီး မီးငြိမ်းသတ်ယာဉ် နှစ်စီးတို့ဖြင့်လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေစုပ်စက်များ၊ ရေတင်စက်များ၊ ဈေးအတွင်းအသင့် တပ်ဆင်ထားသော မီးသတ်ပိုက်များ၊ စက်များအသုံးပြု၍ ပဒေသာဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။



ဟင်္သာတမြို့ ပဒေသာဈေးကြီးတွင် ဈေးဆိုင်ခန်းပေါင်း ၁၂၁၀ နှင့် ငွေဝင်းဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၅၇၅ ခန်း ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ ဆက်လက်၍ ဈေးတွင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီးကြိုးများ ကောင်းမွန်ခြင်း ရှိ၊ မရှိနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ မီးသတ်ရေကန်နှင့် မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်ခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ဟင်္သာတ)**

# အင်းစိန်မြို့နယ်၌ ပုံပြော၊ ကဗျာရွတ်ဆို၊ ဆေးရောင်ခြယ်ပြိုင်ပွဲများနှင့် နံရံကပ်ဓာတ်ပုံ၊ စာအုပ်ပြပွဲများ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်)၊ မြို့နယ်ပညာရေးဌာနနှင့် အင်းစိန်မြို့နယ် စာပေချစ်မြတ်နိုးသူများအသင်း (သို့မဟုတ်) စာပေဥယျာဉ်အသင်းတို့ ပူးပေါင်းပြီး (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုံပြော၊ ကဗျာရွတ်ဆို၊ ဆေးရောင်ခြယ်ပြိုင်ပွဲများနှင့် နံရံကပ်ဓာတ်ပုံ၊ စာအုပ်ပြပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် မြို့နယ်သတင်းစာဆရာအသင်းနှင့် စာပေချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က အမှာစကားပြောကြားသည်။

ထို့နောက် ပုံပြော၊ ကဗျာရွတ်ဆိုနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး နံရံကပ်ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲတွင် ခင်းကျင်းပြသထားသော ဗဟုသုတဖြစ်ဖွယ်ရာ နံရံကပ်ဓာတ်ပုံများနှင့် စာအုပ်စာစောင်များကို ကြည့်ရှုကြကြောင်း သိရသည်။ **ဥာဏ်ဟိန်း**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁၀-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပဌာန်းသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | "အတိတ်ကောင်း နိမိတ်ကောင်းကို ဆောင်ကြဉ်းလာသည့် ရတနာဆင်ဖြူတော်" |
| ၀၉:၁၀ | စိုက်ပျိုးမွေးမြူသုတဘဏ် "လယ်ယာကဏ္ဍ တိုးတက်ဖို့စက်ကိရိယာများသုံးကြစို့" |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | Economic Review (4) |
| ၁၀:၄၅ | "မြန်မာ့ကျောက်မျက်ရတနာ" |
| ၁၁:၄၀ | ဘဝနှင့်အနုပညာ "အကယ်ဒမီခင်သီတာထွန်း"(အပိုင်း-၂) |
| ၁၂:၃၀ | မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး"(အပိုင်း-၄) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | မျိုးဝက်တင့်စေဆိုကရေးတီးအမွေ |
| ၁၆:၁၅ | ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ အစီအစဉ် |
| ၁၆:၄၅ | "ကာတာကမ္ဘာ့ဖလား"(အပိုင်း-၁) |
| ၁၇:၁၅ | သတင်းသမားပြောတဲ့ သတင်းစကား |
| ၁၇:၃၅ | This Week's Special Interest |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၁၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း"(အပိုင်း-၂၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း "တို့ကျေးရွာရဲ့ချစ်မိတ်ဆွေ" |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: An Da Yel Kin (Htar) |
| 07:09 | Malikha & Fairy Island |
| 07:23 | Trishaw Man |
| 07:29 | Myanmar Marionette |
| 07:56 | Myanma Toddy Palm, A Source of Rural Income |
| 08:01 | News |
| 08:26 | Asia Updates: The Travelling Cinema (P-1) |
| 08:45 | A Traditional Food in Bagan: Pone Ye Gyi |
| 09:01 | Nature's Progeny Town: December Garden |
| 09:26 | Discovering Tribes: Kanan their life and customs (Part-I) |
| 10:27 | Topical Topics (No.4) |
| 10:33 | Listening Pleasure, Instrumental Music (Mandolin) Ghost of Banyan |
| 10:43 | Mogok, Ruby Land |
| 11:01 | Lines & Wash Painting |
| 11:09 | Myanmar Paper Toys |

### MRTV NRC

**ဘရေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဖားစည်မြေမှ ရောင်စုံအလှ(အပိုင်း-၁)

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ကန်ပလက်မြို့နယ် ညီအစ်ကိုများရဲ့ရိုးရာပုလွေဂီတ

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၅)

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အိပ်မက်ကကြိုးကာခုန်သူ(ကျော်သိုက်)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**"ဝ" (၁၅:၀၀) မှ (၁၇:၀၀) ထိ**
တန့်ယန်းမြို့အလှ

**ကချင် (၁၇:၀၀) မှ (၁၉:၀၀) ထိ**
လီဆူရိုးရာ စားလေ့ကားတက်ပွဲ

**ကယား (၁၉:၀၀) မှ (၂၁:၀၀) ထိ**
သဘာဝဆန်ဆန်အလှရှိရာ ဒူးပရာတောင်ရှေ့တောင်တန်းဆီသို့

**စကောကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ**
ဝုံးအစပ်ချက်နှင့်သခွတ်ပွင့်သုတ်

**အနောက်ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ**
ကရင်ဖြူရွာကလေးရဲ့ခေါင်ရည်ချို

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အတုမှန်းသိလျက်လက်ရှိထားမှု" |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်းအပိုင်း-၆ |
| ၁၁:၀၀ | အင်ဒိုနီးရှားနိုင်ငံ၏အဂတိ တိုက်ဖျက်ရေးအကြောင်း |
| ၁၁:၃၀ | "အတွေးအမြင်" အပိုင်း-၆ |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၀၆:၂၅ | အပင်ဇီဝအရင်းအမြစ်များစုဆောင်းရာ မျိုးစေ့ဘဏ်အကြောင်းသိကောင်းစရာ |
| ၀၇:၀၀ | "စိုက်ပျိုးမွေးမြူသုတဘဏ်" |
| ၀၇:၅၅ | နိုင်ငံတကာနည်းပညာတို့ လယ်တောမှာကျင့်သုံးပါ |
| ၀၈:၂၀ | ဧရာဝတီမြစ်ကမ်းပါးပေါ်က ရှမ်းကလေးကျွန်းအလှ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပျံ့နှံ့နေသော အမျိုးသမီးအရုပ်နှစ်ခုဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

ရွှေတိဂုံစေတီတော်ဝတ္ထုကံနယ်မြေအတွင်း အမျိုးသမီးအရုပ်နှစ်ခုကို သိဒ္ဓိတင်နေသည့် ဗီဒီယို ကလစ်ဖိုင်များ ၂၂-၁၀-၂၀၂၂ ရက်နေ့ နံနက်ပိုင်းတွင် လူမှုကွန်ရက်မီဒီယာ (Face book)တွင် ထုတ်လွှင့်မှုများ ထွက်ပေါ်လာခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက ပြန်လည်စိစစ်ခဲ့ပါသည်။

**စတင်ထုတ်လွှင့်ခဲ့**

စိစစ်ရရှိချက်အရ လူမှုကွန်ရက်ပေါ်မှ ဗီဒီယိုကလစ်ဖိုင်များကို “လောကဝိဇ္ဇာမိုရ်မိန်းမလှ ဒေဝီအထက် ဂိုဏ်းချုပ်ကြီး” page တွင် စတင်ထုတ်လွှင့်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်း page account မှာ အမျိုးသမီးအရုပ်နှစ်ရုပ်ကို သိဒ္ဓိတင်မှု ပြုလုပ်သည့် ဦးရှိုင်းဇာနည်အောင်၏ page account ဖြစ်ကြောင်း သိရှိရပါသည်။

၂၂-၁၀-၂၀၂၂ ရက်နေ့၊ ဝ၇:ဝဝ အချိန်ခန့်တွင် ဦးရှိုင်းဇာနည်အောင် အပါအဝင် လူရှစ်ဦးခန့်သည် 6M/ 6648(Alphard) အမည်းရောင်ကားဖြင့် ရွှေတိဂုံစေတီတော်တောင်ဘက်ကားဝင်းသို့ အရုပ်ကြီးနှစ်ခု၊ စဥ့်သူရဿတီမယ်တော် ရုပ်တုငယ် (၇" ခန့် အမြင့်)အပါအဝင်တို့ဖြင့် ရောက်ရှိလာခဲ့ကြောင်း၊ လုံခြုံရေးတာဝန်ရှိသူများက အရုပ်ကြီးနှစ်ခုကို ရွှေတိဂုံစေတီတော်ရင်ပြင်တော်သို့ တင်ခွင့်မပြုသောကြောင့် တောင်ဘက် ကားကွင်းတွင် ထားရှိခဲ့ပြီး ဦးရှိုင်းဇာနည်အောင်နှင့်အဖွဲ့သည် ရင်ပြင်တော်ပေါ်သို့ တောင်ဘက်ဓာတ်လှေကားဖြင့် တက်ရောက်ခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့သည် စဥ့်သူရဿတီမယ်တော်ရုပ်တုကို သယ်ဆောင်၍ ရွှေတိဂုံစေတီတော်ကို လက်ယာရစ်ပတ်ပြီး စနေထောင့်ရှိ သူရဿတီရုပ်ရှေ့တွင် စဥ့်သူရဿတီရုပ်တုနှင့် ကန်တော့ပွဲများချ၍ သိဒ္ဓိတင်မှုပြုလုပ်ခဲ့ပြီး တောင်ဘက်စောင်းတန်းမှ ပြန်လည်ဆင်းသွားခဲ့ကြကြောင်း၊ ၎င်းနောက်တောင်ဘက်ကားကွင်းရှိ ကျောက်စာတိုင်အနီးတွင် အရုပ်ကြီးနှစ်ခုကို သိဒ္ဓိတင်မှု ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါသည်။



ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ကားပါကင်အနီး၌ တရုတ်နိုင်ငံထုတ် အရုပ်နှစ်ရုပ်အား လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။



ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ကားပါကင်အနီး၌ တရုတ်နိုင်ငံထုတ် အရုပ်နှစ်ရုပ်အား တွေ့ရစဉ်။

ယင်းသို့ ပြုလုပ်နေစဉ် ရွှေတိဂုံစေတီတော် လုံခြုံရေးအဖွဲ့က ခေါ်ယူမေးမြန်းပြီး ဖယ်ရှားရှင်းလင်းမှု ပြုလုပ်ခဲ့ရပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အမျိုးသမီးအရုပ်နှစ်ခုကို သိဒ္ဓိတင်မှု ပြုလုပ်သည့် ဦးရှိုင်းဇာနည်အောင်နှင့်အဖွဲ့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက သာသနာတော် ညှိုးနွမ်းစေမှုဖြင့် တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကို တင်ပြခြင်းမရှိဘဲ မိမိသဘောဖြင့် ခွင့်ပြုပေးခဲ့သော တာဝန်ရှိသူ ဝန်ထမ်းကိုလည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်း၍ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သာသနာရေးနှင့်**
**ယဉ်ကျေးမှုဝန်ကြီးဌာန**



ရှိုင်းဇာနည်အောင်၊ ၂၆ နှစ်
(ဘ) ဦးအောင်ခိုင်မြင့်
ဗေဒင်ဆရာ



အာကာမျိုး၊ ၂၆ နှစ်
(ဘ) ဦးတင်စိုး
ဗေဒင်ဆရာ



ကြည်ဇင်၊ ၄၄ နှစ်
(ဘ) ဦးကြည်စိန်
ယာဉ်မောင်းသမား



အောင်ထွန်းဦး၊ ၄၂ နှစ်
(ဘ) ဦးခင်မောင်ဦး
ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးပေးသူ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ထက်ဦးဝေယံသည် ၎င်းအသုံးပြုသည့် “Htet Oo Wai Yan” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးကျေးရွာနေ အောင်ကျော်စိုးသည် ၎င်းအသုံးပြုသည့် “Aung Kyaw Soe” Facebook အကောင့်၊ ပခုက္ကူမြို့နယ်နေ ချစ်နိုင်(ခ) ဆရာချစ်သည် ၎င်းအသုံးပြုသည့် “Chit Naing” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဠ) ရပ်ကွက်နေ ရွှေအိုးစည်သည် ၎င်းအသုံးပြုသည့် “Shwe Aoe Si” Face book အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျိုက်ပွန်ရပ်ကွက်နေ မြတ်သန္တာစိုးသည် ၎င်းအသုံးပြုသည့် “Myat Thandar Soe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ဆက်လက်ဖော်ထုတ်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၈၅ | ၂၇၇၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၅ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၈၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၅၅ | ၂၆၂၀ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၈၉၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၄၅ | ၂၇၅၀ | ၂၉၇၀ | ၃၅၂၀ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၄၅ | ၂၇၅၀ | ၂၉၇၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၈ |
| 95 Ron | ၁၉၇၆ | ၂၀၄၉ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၂၅၄၇ | ၂၆၂၇ |
| HSD (10 ppm) | ၂၅၄၇ | ၂၆၂၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကန့်ဘလူမြို့နယ်၌ ဆီထွက်သီးနှံစုံ ၂၀၉၃၈၆ ဧက စိုက်ပျိုးလျက်ရှိ

ကန့်ဘလူ အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုစုပေါင်း ၁၀၉၁၇၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း ဆောင်းသီးနှံစုံ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်းနှင့် နှမ်း(နွေ) စသည့်သီးနှံစုံ ၂၀၉၃၈၆ ဧကကို ယခုနှစ် စက်တင်ဘာလက စတင်စိုက်ပျိုးခဲ့ရာတွင်



မြေပဲ ၂၂၄၂၁ ဧကနှင့် နှမ်း ၈၆၇၅၂ ဧက စုစုပေါင်း ၁၀၉၁၇၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဆီထွက်သီးနှံစိုက်ပျိုးမှုက ကန့်ဘလူမြို့နယ်မှာ မိုးရာသီနဲ့ ဆောင်းရာသီ သီးနှံတွေစိုက်ပျိုးချိန်မှာ စိုက်ကြပါတယ်။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ဧကနှစ်သိန်းကျော် စိုက်ပျိုးဖို့ လျာထားတဲ့နေရာမှာ အောက်တိုဘာ ၁၅ ရက်အထိ တစ်သိန်းကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ မြို့နယ်အတွင်း စားသုံးဆီဖူလုံစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက်၊ ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေးနည်းပညာတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာတွေကို ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးနေခြင်းဟာ မြို့နယ်အတွင်းသာမက ပြည်တွင်းရှိစားသုံးသူတွေ ဆီဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးခြင်းဖြစ်ပါတယ် " ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံများဖြစ်သည့် ဆီထွက်သီးနှံစုံ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၁၀၂၆၁၃ ဧက၊ နှမ်း ၉၆၇၁၈ ဧက၊ နေကြာ ၂၉၆၈ ဧက၊ ပန်းနှမ်း ၅၄၃၁ ဧက၊ မုန်ညင်း ၅၉၃ ဧကနှင့် နှမ်း(နွေ) ၁၀၆၃ ဧက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မှော်ဘီမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မှော်ဘီ အောက်တိုဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်သည် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ခရိုင်/ မြို့နယ်ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများသည် ရွှေမြယာကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၆၄ သန်းဖြင့် Associate ကုမ္ပဏီကဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်ဂဝံလမ်း(၀/၇)မိုင်ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်ကာ တောင်သူများ ထုတ်ကုန်အမီ သယ်ယူပို့ဆောင်နိုင်ရေးအတွက် မြန်မြန်ဆန်ဆန်ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မောက်မယ်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာအုပ်/နံရံကပ်စာစောင်ပြပွဲ ကျင်းပ

မောက်မယ် အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက် ၉ နာရီခွဲက ခင်းကျင်းပြသသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ဈေးတန်းရပ်ကွက်အခြေခံပညာ အလယ်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြည့်ရှုကြရာ နံရံကပ်စာစောင်ပြပွဲတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးမှတ်တမ်းဓာတ်ပုံများအား ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းနှင့် ဝန်ထမ်းများက လှည့်လည်ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများအား မိမိတို့ကြိုက်နှစ်ရာ သုတ/ရသစာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ တစ်လတစ်ကြိမ် လစဉ်ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# ပြည်သူ့အချစ်တော် ဆင်မလေးမိုမို၏ (၆၉)နှစ်ပြည့်မွေးနေ့ပွဲ အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၃

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ နေထိုင်သော ပြည်သူ့အချစ်တော် ဆင်မလေး မိုမို၏(၆၉)နှစ်ပြည့်မွေးနေ့ပွဲကို အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ ဆင်မလေးမိုမို၏ မွေးနေ့ပွဲအား အသက်(၆၀)ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပပေးခဲ့ခြင်းဖြစ်သည်။ မိုမို၏ (၆၉) နှစ်ပြည့်မွေးနေ့ပွဲတွင် ဆင်မလေးမိုမိုအတွက် ကိတ်ခွဲခြင်း၊ ဓာတ်ပုံပြပွဲ၊ တိရစ္ဆာန်ပြပွဲ၊ တေးဂီတဖျော်ဖြေတင်ဆက်မှု၊ မျက်လှည့်ပြပွဲ၊ Photo Booth ၊ ချစ်စရာတိရစ္ဆာန်လေးများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းအပါအဝင် ကလေးများအတွက် အခြားပျော်ရွှင်စရာဂိမ်းအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပပေးသွားမည်ဖြစ်သည်။ မိုမို၏ မွေးနေ့ကိတ်ခွဲမည့် အောက်တိုဘာ ၂၉ ရက်တွင် မွေးနေ့ပွဲတက်ရောက်ကြသူများအနေဖြင့် အမှတ်တရဓာတ်ပုံများရိုက်ကူးနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။



ဆင်မလေး မိုမို၏ အသက်(၆၈)နှစ်ပြည့်မွေးနေ့ပွဲကို ၂၀၂၁ ခုနှစ်က ကျင်းပစဉ်။

ပြည်သူ့အချစ်တော် ဆင်မလေးမိုမိုမှာ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ၁၉၆၁ ခုနှစ်(ခန့်မှန်းအသက်ခုနစ်နှစ်(သို့) ရှစ်နှစ်အရွယ်)တွင် စတင်ရောက်ရှိခဲ့ခြင်းဖြစ်ပြီးယခုအခါ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ နေထိုင်နေသည့်သက်တမ်း နှစ်ပေါင်း(၆၁)နှစ်ရှိပြီဖြစ်ကြောင်း၊ ပြည်သူအပေါင်းတို့၏ အချစ်ဆုံးဆင်တစ်ကောင်အဖြစ် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ လာရောက်လည်ပတ်ကြသူများအား အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပေးခဲ့ကာ နိုင်ငံတော်အထင်ကရ အခမ်းအနားများတွင်လည်း တတ်စွမ်းသမျှ တစ်စိတ်တစ်ပိုင်းပါဝင်ပေးခဲ့ကြောင်း သိရသည်။

**ပို့ဆောင်လှူဒါန်း**

၁၉၅၃ ခုနှစ် တောထဲတစ်နေရာ၌ အဖော်မပါဘဲ အထီးကျန်ကာသွားလာနေသည့် ဆင်မလေးမိုမိုအား ကယားပြည်နယ် လွိုင်ကော်မြို့နေ သစ်လုပ်ငန်းလုပ်ကိုင်သူ ဦးခွန်ဆန္ဒနှင့် မိသားစုမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မိုမိုအား နေအိမ်သို့ခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နေအိမ်သို့ရောက်ရှိခိုက် ဦးခွန်ဆန္ဒနှင့် မိသားစုက ချစ်စဖွယ်ရာကောင်းသည့် ဆင်မလေးမိုမိုအား သံယောဇဉ်ဖြစ်သွားကြပြီး ၎င်းကြီးပြင်းလာပါက ဆင်များ၏သဘာဝလုပ်ငန်းဖြစ်သော သစ်ဆွဲဆင်အဖြစ် အသုံးမပြုလိုသောကြောင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ပို့ဆောင်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့က ဆင်မလေးအား အမည်ပေးစေလိုသောကြောင့် လာရောက်လှူဒါန်းသည့် ဦးခွန်ဆန္ဒ၏ခွင့်ပြုချက်ဖြင့် ဆင်မလေးမိုမို၏ ဆင်ဦးစီးဖြစ်သူက ၎င်း၏ဇနီးဖြစ်သူ မခင်မိုမို၏အမည်ကိုအစွဲပြု၍ ဆင်မလေးအား မိုမိုဟု အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူ့အချစ်တော်ဆင်မလေး မိုမိုမှာ အသက်(၆၀)ပြည့်နှစ်တွင် ဖျော်ဖြေရေးလုပ်ငန်းများမှ အနားယူခဲ့ပြီး မျိုးဆက်သစ်ဆင်ငယ်လေးများအား ထိန်းကျောင်းရင်းဖြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ယခုအခါ အေးချမ်းစွာနေထိုင်လျက်ရှိကြောင်း၊ ဆင်မလေး မိုမို၏ အသက်(၆၀)ပြည့်နှစ် မှစ၍သူ၏ မွေးနေ့ပွဲကို တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**

**ဓာတ်ပုံ - စိုးမြင့်အောင်**

# ချောင်းသာ ရွှေသာယာမြို့မဈေး၌ ပလတ်စတစ်အိတ်ဖြင့် ဈေးရောင်းချခြင်းမရှိစေရန် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်



ချောင်းသာ အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ စည်ပင်သာယာရေးကော်မတီက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးနှင့် ပြည်သူများ တစ်ခါသုံး ပလတ်စတစ်အိတ်များ လျှော့ချသုံးစွဲစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းရနေ့ သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီတွင် ရွှေသာယာမြို့မဈေး၌ ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးရောင်းချခြင်းမရှိစေရန်အတွက် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာသို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်လှမိုးနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၊ မြို့စည်ပင်သာယာရေးဝန်ထမ်းများ လိုက်ပါ၍ ဈေးရောင်းချသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု အန္တရာယ်ကို လျှော့ချနိုင်ရန်အတွက် ပလတ်တစ်အိတ်ဖြင့် ထုပ်ပိုးရောင်းချခြင်း ရှိ/မရှိ ငှက်ပျောဖက်၊ အင်ဖက်၊ သတင်းစာစက္ကူများဖြင့်သာ ထုပ်ပိုးရောင်းချစေရေးတို့ကို စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ချောင်းသာမြို့တွင် တစ်ခါသုံးပလတ်စတစ်အိတ်များ လျှော့ချသုံးစွဲစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းရနေ့ သတ်မှတ်ပြီး ဈေးရောင်း၊ ဈေးဝယ်များ၊ ပလတ်စတစ် လျှော့ချသုံးစွဲရေးတို့ကို ဈေးများအတွင်း လှည့်လည်အသိပညာပေးခြင်းများနှင့် လိုက်လံစစ်ဆေးခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

■

# အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် အောက်တိုဘာ ၂၃

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည်အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၃၇၀ ခန့်၊ သံတွဲမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၉၀ ခန့်၊ စစ်တွေမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဆာဂါကျွန်း၏ တောင်ဘက်ရေမိုင် ၃၀၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘရာဆောမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၃၉၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏**

**တည်နေရာ၊ ဗဟိုချက် လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၆ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၇ ဒသမ ၈ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

**နောက်(၄၈)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက်ခြောက်နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်ပြီး၊ မြောက်-အရှေ့မြောက်ဘက်သို့ ကွေ့ကာ အောက်တိုဘာ ၂၅ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို တင်ကိုနာကျွန်းနှင့် ဆန်းဝစ်(ပ်)ကျွန်းတို့အကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၅၅ မိုင်မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ၁၃ ပေမှ ၁၆ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

■

# အသက်မွေးမှုတစ်ခု ပညာကိုယ်စီပါဖို့ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းကိုသွားကြစို့

ကြည်ထွန်း (လူမှု)

မနုဿတ္တဘာဝေါဒုလ္လဘောဟူသည့် ဆိုရိုးရှိသည့်အတိုင်း လူ့ဘဝကို ရနိုင်ခဲသည်။ ရခဲလှသောလူ့ဘဝကို ရရှိထားသော်လည်း ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေဆဲဖြစ်သည့် ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပွားနေသည့် သဘာဝဘေးအန္တရာယ်များ၊ နေ့စဉ်ဖြစ်ပွားနေသော မတော်တဆမှုများက မသန်စွမ်းသူဦးရေတိုးပွားလာအောင် တွန်းပို့လျက်ရှိပါသည်။ ထို့ကြောင့်လည်း ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်သကဲ့သို့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာ့လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ တစ်နည်းအားဖြင့် ၅၉ သိန်းကျော်မှာလည်း မသန်စွမ်းသူများဖြစ်ကြသည်။

မသန်စွမ်းသူများ၏ဘဝတွင် နိစ္စဓူဝ ခံစားတွေ့ကြုံနေရသော အခက်အခဲ၊ အတားအဆီးများသည် ၎င်းတို့၏ မပြည့်စုံမှုကြောင့်မဟုတ်ဘဲ ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသည့် "ပတ်ဝန်းကျင် အတားအဆီး" များကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ မသန်စွမ်းမှုနှင့် သဟဇာတဖြစ်မည့် အတားအဆီးကင်းသည့် (Barries Free) ပတ်ဝန်းကျင်အခြေအနေများကို ဖန်တီးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းသူတို့ဘဝ သာယာလှပအောင် ဝိုင်းဝန်းဖန်တီးပေးကြဖို့လိုပါပြီ။



မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ ဆံသသင်တန်းလက်တွေ့ဆောင်ရွက်စဉ်။

**အတားအဆီးပေါင်းများစွာကို ရင်ဆိုင်နေကြရ**

မသန်စွမ်းသူများသည် အခြားသူများထက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အကြမ်းဖက်ခံရမှုများနှင့် ဥပဒေပိုင်းဆိုင်ရာ အထောက်အပံ့ကောင်းများရရှိမှု အားနည်းနေကြသူများဖြစ်သည်။ အသက်ဆုံးရှုံးမှုတွင်လည်း အခြားသူများထက် ပိုမိုမြင့်မားကာ ယနေ့ထက်တိုင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာနှင့် စီးပွားရေးပိုင်းဆိုင်ရာ အတားအဆီးပေါင်းများစွာကို ရင်ဆိုင်နေကြရသည်။ ထို့အပြင် ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်လည်း နည်းပါးနေသေးသည့် အနေအထားနှင့် ရင်ဆိုင်ကြုံတွေ့နေရသူများဖြစ်ကြသည်။

သို့ဖြစ်၍ မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များကို ညီမျှစွာ အပြည့်အဝရရှိရေးကို ကာကွယ်ဆောင်ရွက်နိုင်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန် အတွက် ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on The Rights Of Persons with Disabilities – UNCRPD ) ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ရာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၇၅ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် UNCRPD ၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သည်။

UNCRPD ပါပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင်လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် လည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်များကို လက်တွေ့ဖော်ဆောင်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတစ်ရပ်ကို ဖွဲ့စည်းကာ မသန်စွမ်းမှုအမျိုးအစားအလိုက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို အားတက်ကြည်နူးဖွယ်တွေ့မြင်ရသည်။

**အလုပ်ရရှိရန် လွန်စွာခက်ခဲ**

စင်စစ် မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတွင် ဆင်းရဲနေသူ/ ဝင်ငွေမရှိသူ အများစုမှာ မသန်စွမ်းသူများဖြစ်ကြသည်။ ၂၀၀၈ – ၂၀၀၉ အခြေခံမသန်စွမ်းမှု စာရင်းကောက်ယူမှုစစ်တမ်းအရ မသန်စွမ်းသူများ၏ ၈၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်နေသည်ကို တွေ့ရှိရသည်။ မသန်စွမ်းသူများသည် အလုပ်လုပ်ရန်ဆန္ဒပြင်းပြကြပြီး စွမ်းဆောင်နိုင်မှုများရှိကြသော်လည်း ၎င်းတို့ဘဝတွင် ပညာသင်ကြားခွင့်အပြည့်အဝမရရှိခဲ့ခြင်း၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့် ဘဝတစ်သက်တာ ကျွမ်းကျင်မှုပညာများ ဆည်းပူးတတ်မြောက်ခွင့်မရရှိခြင်း၊ လုပ်ငန်းခွင်သို့သွားရောက်သည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ယာဉ်/ရထားများသည် မသန်စွမ်းသူများအတွက် အဆင်မပြေခြင်း၊ အလုပ်ခွင်များတွင် ရုပ်ပိုင်းဆိုင်ရာအတားအဆီးများရှိနေခြင်း၊ အလုပ်ရှင်အများစု၏ ငြင်းပယ်ခွဲခြားဆက်ဆံမှုနှင့် အလုပ်ခန့်အပ်သည့် မူဝါဒစနစ်အချို့ကြောင့် မသန်စွမ်းသူများမှာ အလုပ်ရရှိရန် လွန်စွာခက်ခဲကြသည်။ ထို့ကြောင့်လည်း မသန်စွမ်းသူများအပေါ် ၎င်းတို့၏ မိသားစု၊ ရပ်ရွာလူထုနှင့် နိုင်ငံ၏ ဝန်ထုပ်ဝန်ပိုးများအဖြစ် ရှုမြင်သတ်မှတ်ခံနေကြရသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ရသည်။

အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာ၌ နိုင်ငံသားတိုင်း ရရှိခံစားသင့်သည့် အခွင့်အရေးများ စနစ်တကျ သာတူညီမျှရနိုင်ရေးမှာ လွန်စွာအရေးကြီးပါသည်။ မသန်စွမ်းသူများ၏ စစ်မှန်သော အခွင့်အရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အမြင်အာရုံမသန်စွမ်းသူတို့အတွက် ရန်ကုန်မြို့နှင့် စစ်ကိုင်းမြို့တို့တွင် မျက်မမြင်ကျောင်းနှစ်ကျောင်းကိုလည်းကောင်း၊ အကြားအာရုံမသန်စွမ်းသူတို့အတွက် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် နားမကြားသောကလေးများကျောင်း နှစ်ကျောင်းကိုလည်းကောင်း ဖွင့်လှစ်ပေးထားသည်။ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက်ကိုမူ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း တစ်ကျောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှစ်ကျောင်းနှင့် ရန်ကုန်မြို့တွင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတစ်ခုတို့ကို ဖွင့်လှစ်ကာ မသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

**မသန်စွမ်းသက်ကြီးသင်တန်းကျောင်း**

မသန်စွမ်း သင်တန်းကျောင်းများအနက် အရွယ်ရောက်ပြီးသော မသန်စွမ်းသူများ အသက်မွေးမှုတစ်ခု ပညာကိုယ်စီပါအောင် လေ့ကျင့်သင်ကြားပေးနေသော မသန်စွမ်းသက်ကြီးသင်တန်းကျောင်းနှင့်စပ်လျဉ်း၍ ဖော်ညွှန်းတင်ပြလိုပါသည်။ အဆိုပါ သင်တန်းကျောင်းသည် မြန်မာနိုင်ငံလွတ်လပ်ပြီးခေတ်က မသန်စွမ်းသူများကို ကာကွယ်စောင့်ရှောက်ရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်သန္ဓေတည်ရာဌာနဖြစ်ခြင်းကြောင့် အခြားကျောင်းများထက် ပိုမိုစိတ်ဝင်စားမိသည်။ ထိုခေတ်တွင် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက ၁၉၅၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉) ဖြင့် ဝန်ကြီးဦးဘစောဥက္ကဋ္ဌအဖြစ်ပါဝင်သော "မသန်စွမ်းဖြစ်လာသူများ လူစဉ်မီရေးနှင့် အလုပ်အကိုင်ရရှိရေး" ဘုတ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါ ဘုတ်အဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းမြေကွက်အမှတ်(၂၅)တွင် တိုင်းပြည်အတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရသဖြင့် မသန်စွမ်းဖြစ်သူ ရဲဘော်ဟောင်းများကို အခမဲ့ဆေးဝါးကုသပြီး ခြေတုလက်တုများတပ်ဆင်ပေးကာ သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာများ စတင်သင်ကြားပေးသည်။ ၁၉၅၈ ခုနှစ်တွင် နိုင်ငံတော်အစိုးရက မသန်စွမ်းဖြစ်လာသူများ အလုပ်အကိုင်ရရှိရေး အက်ဥပဒေ (၁၉၅၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၃) ကို ပြဋ္ဌာန်းခဲ့သည်။

**"မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ အောက်ပိုင်းအကြောသေသူများ၊ သူငယ်နာအကြောတင်းသူများ၊ ပိုလီယိုအကြောသေသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ လူမျိုး၊ ဘာသာမရွေး တက်ရောက်နိုင်သည်။ သင်တန်းသားလက်ခံရေးစည်းမျဉ်းအရ အသက် (၁၈)နှစ်မှ (၄၅)နှစ်ကြားဖြစ်ပြီး မသန်စွမ်းဆေးရုံမှ ဆေးကုသမှုခံယူ၍ အားပြုကိရိယာတပ်ဆင်ပြီးသူ၊ မိမိ၏တစ်ကိုယ်ရေ ဝေယျာဝစ္စကို မိမိဘာသာ လုပ်ကိုင်နိုင်သူဖြစ်ဖို့လိုသည်။ သို့ရာတွင် ကူးစက်ရောဂါရှိသူ၊ စိတ်ကျန်းမာရေးအားနည်းသူ၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို လက်ခံသင်ကြားပေးခြင်းမပြုဟု သိရ"**



မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ ကွန်ပျူတာအခြေခံသင်တန်းသင်ကြားပေးစဉ်။

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

### သီးခြားဖွင့်လှစ်ခဲ့

၁၉၅၉ ခုနှစ် အောက်တိုဘာလတွင် မသန်စွမ်းဖြစ်လာသူ စစ်မှုထမ်းဟောင်းများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေးဌာန အုပ်ချုပ်ရေးအဖွဲ့ကိုဖျက်သိမ်းပြီး အသစ်ပြန်လည်ဖွဲ့စည်းသောအဖွဲ့က မသန်မစွမ်းဖြစ်လာသူ (အရပ်သားများအပါအဝင်) လူစဉ်မီရေးနှင့် အလုပ်အကိုင်ရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဌာနတာဝန်ခံ ဗိုလ်မှူးကြီးစောမြင့် ဥက္ကဋ္ဌအဖြစ်ပါဝင်သော "မသန်မစွမ်းသူများ လူစဉ်မီရေးနှင့် အလုပ်ရရှိရေးအဖွဲ့" အမည်ဖြင့် ပြန်လည်ဖွဲ့စည်းကာ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် လူမှုဝန်ထမ်းဝန်ကြီးဌာနက မသန်စွမ်းဌာန၏ လုပ်ငန်းတာဝန်များ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှုပိုင်းဆိုင်ရာများနှင့် မြေ ၃၅ ဒသမ ၇၄၄ ဧကကို လွှဲပြောင်းလက်ခံရယူပြီး "လူမှုဝန်ထမ်းသင်တန်းကျောင်း"ဟု ခေါ်တွင်ကာ မသန်စွမ်းဖြစ်လာသူများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းနှင့် လူမှုရေးသင်တန်းများကို ဖွင့်လှစ်ခဲ့သည်။ ၁၉၇၈ ခုနှစ် ဩဂုတ်လမှစ၍ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းနှင့်ပူးတွဲ၍ ဖွင့်လှစ်ခြင်းမပြုတော့ဘဲ "မသန်မစွမ်း သက်ကြီးသင်တန်းကျောင်း" အမည်ဖြင့် သီးခြားဖွင့်လှစ်ခဲ့သည်။

သို့ရာတွင် "မသန်မစွမ်း"ဟူသော အသုံးအနှုန်းသည် မသန်လည်းမသန်၊ စွမ်းဆောင်နိုင်မှုလည်းမရှိဟူသော အဓိပ္ပာယ်သက်ရောက်နေသဖြင့် မသန်ပေမယ့် စွမ်းသူများဖြစ်ကြသည်ဟု သဘောသက်ရောက်သည့် "မသန်စွမ်း"ဟူသော အသုံးအနှုန်းကို ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့ (အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့) မှစ၍ ပြောင်းလဲခေါ်ဝေါ်သုံးစွဲရန် လူမှုဝန်ထမ်းဝန်ကြီးဌာနက တရားဝင်သတ်မှတ်ခဲ့သည်။ ထိုစဉ်မှစ၍ "မသန်မစွမ်းသက်ကြီး သင်တန်းကျောင်း" ဟူသော အမည်ကိုလည်း "မသန်စွမ်း သက်ကြီးသင်တန်းကျောင်း"ဟု ပြောင်းလဲခေါ်တွင်ခဲ့သည်။

မသန်စွမ်းသက်ကြီးသင်တန်းကျောင်းသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၆၅)တွင် တည်ရှိပြီး ဆက်သွယ်နိုင်သော ဖုန်းနံပါတ်မှာ ၀၁-၉၆၆၁၇၁၂ ဖြစ်သည်။ သင်တန်းကျောင်း၏ ရည်ရွယ်ချက်များမှာ -

(က) မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုယ်ပိုင်ဂုဏ်သိက္ခာဖြင့်အသက်ရှင်နေထိုင်ရေးအတွက် မသန်စွမ်းမှုအမျိုးအစားနှင့် ဝါသနာထုံမှုအပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန်။
(ခ) မသန်စွမ်းသူများသည် တတ်မြောက်ထားသော အသက်မွေးမှုပညာရပ်များဖြင့် ဝင်ငွေရလုပ်ငန်းများတွင် လုပ်ငန်းကျွမ်းကျင်သူများအဖြစ် ဘဝရပ်တည်မှုရရှိနိုင်ရန်။
(ဂ) မသန်စွမ်းသူများအား မိမိကိုယ်မိမိ အားကိုးပြီး အခြားသူများအပေါ်မှီခိုလိုစိတ်များ ပပျောက်စေရေးအတွက် ပြန်လည်ထူထောင်မှုပေးရန်ဟူ၍ဖြစ်သည်။

အဆိုပါသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းအမျိုးအစားများအနက် (၁) စက်ချုပ်သင်တန်း၊ (၂) ဓာတ်ပုံသင်တန်း၊ (၃) တံဆိပ်ရိုက်သင်တန်း၊ (၄) ဆံသသင်တန်းနှင့် (၅) ကွန်ပျူတာသင်တန်းတို့သည် သုံးလတာကာလတက်ရောက်ရမည့်သင်တန်းများဖြစ်ပြီး ရေဒီယိုအီလက်ထရွန်နစ်သင်တန်းမှာမူ ၁၂ လကြာ တက်ရောက်ရမည့်သင်တန်းဖြစ်သည်။

အထက်ပါသင်တန်းများကို အောက်ပိုင်းအကြောသေသူများ၊သူငယ်နာအကြောတင်းသူများ၊ ပိုလီယိုအကြောသေသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ လူမျိုး၊ ဘာသာမရွေး တက်ရောက်နိုင်သည်။ သင်တန်းသားလက်ခံရေးစည်းမျဉ်းအရ အသက် (၁၈)နှစ်မှ (၄၅)နှစ်ကြားဖြစ်ပြီး မသန်စွမ်းဆေးရုံမှ ဆေးကုသမှုခံယူ၍ အားပြုကိရိယာတပ်ဆင်ပြီးသူ၊ မိမိ၏တစ်ကိုယ်ရေ ဝေယျာဝစ္စကို မိမိဘာသာလုပ်ကိုင်နိုင်သူဖြစ်ဖို့လိုသည်။ သို့ရာတွင် ကူးစက်ရောဂါရှိသူ၊ စိတ်ကျန်းမာရေးအားနည်းသူ၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို လက်ခံသင်ကြားပေးခြင်းမပြုဟုသိရသည်။

#### အသက်မွေးဝမ်းကျောင်းပညာကိုပဲ အဓိကထားသင်ကြားပေး

ထိုကျောင်းအဆောက်အအုံအတွင်းရှိသင်တန်းခန်းမများကို လှည့်လည်လေ့လာခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စိုးထံ ဝင်ရောက်တွေ့ဆုံခဲ့ရာ ၎င်းက "ကျွန်မတို့ကျောင်းရဲ့သက်တမ်းဟာ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့က (၆၈)နှစ် ပြည့်ခဲ့ပါပြီ။ ကျွန်မတို့ကျောင်းရဲ့ ထူးခြားချက်တစ်ခုကတော့ အခြားမသန်စွမ်းကျောင်းတွေလို အတန်းပညာသင်ကြားပေးတဲ့ကျောင်းမျိုးမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းပညာကိုပဲ အဓိကထား သင်ကြားပေးတဲ့ကျောင်းဖြစ်ပါတယ်။ လက်ရှိပို့ချနေတဲ့ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းနဲ့ သင်ခန်းစာတွေကို အမြဲတမ်း ဆန်းသစ်ခေတ်မီနေအောင် ကြိုးစားရပါတယ်။ သင်တန်းသားအားလုံးကို အခမဲ့ကျောင်းအိပ်/ ကျောင်းစား လက်ခံသင်ကြားပေးတာဖြစ်တဲ့အပြင် သင်တန်းသားတွေရဲ့ အသွား/အပြန် ခရီးစရိတ်နဲ့ သင်တန်းကာလမှာ အသုံးပြုရမယ့် သင်ထောက်ကူပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးပါတယ်။ ဒီကျောင်းက သင်ယူတတ်မြောက်သွားတဲ့ မသန်စွမ်းသူတွေ သူတို့ရပ်ရွာမှာ ကိုယ့်အားကိုယ်ကိုးပြီး လူတစ်လုံးသူတစ်လုံးဖြစ်နေတာကြားရတိုင်း ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု မုဒိတာစကားဆိုသည်။



နားမကြားသောကလေးများကျောင်းတွင် စက်ချုပ်သင်တန်းပေးနေစဉ်။

ယနေ့ခေတ်သည် Information and Communication Technology – ICT ခေါ် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာများ တိုးတက်ထွန်းကားနေသောခေတ် ဖြစ်သကဲ့သို့ ကမ္ဘာတစ်ဝန်း Knowledge based society ခေါ် ပညာအခြေပြု လူ့အဖွဲ့အစည်းကို ထူထောင်နေသောကာလဖြစ်သည်။ ဤကဲ့သို့သော ICT ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများကို မသန်စွမ်းသူများလည်း ရရှိခံစားခွင့်ရှိသည်။ သို့ဖြစ်၍ အဆိုပါသင်တန်းကျောင်းတွင် သင်ကြားပို့ချနေသော စက်ချုပ်၊ ဓာတ်ပုံ၊ တံဆိပ်ရိုက်၊ ဆံသ၊ ကွန်ပျူတာနှင့် ရေဒီယိုအီလက်ထရွန်နစ် သင်တန်းခြောက်မျိုးစလုံးကို အခြေခံမှစ၍ တစ်ဆင့်ထက်တစ်ဆင့်မြင့်သော ခေတ်မီနည်းစနစ်များရရှိအောင် သင်တန်းနည်းပြဆရာ ဆရာမများက ကိုယ်ဖိရင်ဖိ သင်ကြားပို့ချနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခွင့်ရရှိခဲ့၍ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအနေဖြင့် "မိုးရွာတုန်းရေခံ၊ လသာတုန်းဗိုင်းငင်" ဆိုသည့်အတိုင်း ရရှိလာသောအခွင့်အရေးကို လက်လွတ်မခံဘဲ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းက ပို့ချသင်ကြားပေးနေသော ဘာသာရပ်သင်တန်း ခြောက်မျိုးအနက် မိမိနှင့်ဆီလျော်အပ်စပ်သော သင်တန်းတစ်မျိုးမျိုးကို ရွေးချယ်တက်ရောက်ရန် အကြံပြုတိုက်တွန်းအပ်ပါသည်။

**ကျမ်းကိုး-မြန်မာနိုင်ငံလူမှုဝန်ထမ်းသမိုင်း(၂၀၀၃)**

## မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များ(နည်းဥပဒေ ၃၂၁)

မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။
(ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။
(ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။
(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။
(င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၀ စင်တီမီတာ) ထက်ပို၍ လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏အမြင့်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သောပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများကို မတင်ရ။
(စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။
(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။
(ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။
(ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။
(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့်ကိရိယာ မတပ်ဆင်ရ။
(ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။
(ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။
(ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ် (Ear Phone) အသုံးမပြုရ။
(ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။
(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။
(တ) ရှေ့မီးအနိမ့်ကို နေ့၊ ညအချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်းကောင်း ဖွင့်၍မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ် မောင်းနှင်သူ၏ မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။
(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။
(ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။
(ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော် လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

ပုံပြင်

# ဘုရင်မုတ်ဆိတ်ကြီး

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

နံနက်တွင် သူတောင်းစားသည် အိပ်ရာမှ စောစွာထပြီးလျှင် မင်းသမီးအား နှိုး၏။ ထို့နောက် တဲကို ဆေးကြောစေ၏။ ဤသို့ နှစ်ရက်ခန့်နေလာပြီးသော် တတိယမြောက်နေ့တွင် သူတောင်းစားက

"ရှင်မ၊ ငါတို့မှာ အစာကုန်လုပြီ။ နောက်ထပ် အစာဝယ်ရန်လည်း ငွေကြေးမရှိ၊ ထို့ကြောင့် သင်က တောင်းရက်ပါ၊ တောင်းများကို ရောင်းချပါက ငွေကြေးမှုချရနိုင်သည်" ဟု ဆိုလေ၏။

ထို့နောက် သူတောင်းစားသည် ဝါးများကို ယူဆောင်လာကာ တောင်းရက်ရန် ပေးအပ်၏။ မင်းသမီးလည်း တောင်းကို ကောင်းစွာမရက်တတ်ဘဲ ရက်ရရှာ၏။ ဤတွင် သူ၏လက်ကလေးများမှာ လွန်စွာနုနယ်သဖြင့် ဖူးရောင်ပေါက်ပြဲလေ၏။ သူတောင်းစားက...

"ရှင်မ၊ သည်အလုပ်နှင့် သင်မဖြစ်သေး၊ ဗိုင်းငင် အလုပ်ဆိုလျှင် သင့်မည်ထင်သည်" ဟုဆိုကာ ဗိုင်းငင်စေ၏။ သို့သော်လည်း မင်းသမီး၏လက်တို့မှာ နူးညံ့လွန်းသဖြင့် ချည်ကြိုးတို့ ရှသောကြောင့် သွေးများ ယိုစီးထွက်လာ၏။

"ရှင်မ၊ သင့်အဖို့လုပ်နိုင်သည့်အလုပ်ဟူ၍ မရှိပါတကား၊ သို့သော်ရှိစေဦး၊ ငါအိုးများ ယူခဲ့မည်၊ ထိုအိုးတို့ကို စျေးတွင် သွား၍ရောင်းချပါ" ဟု သူတောင်းစားက ဆိုပြန်၏။

"မောင်ကြီးနှင့် ကျွန်မအဖို့စျေးထွက်ရန်မဝံ့ပါ။ အကယ်၍ ခမည်းတော်၏ နန်းတွင်းသူ နန်းတွင်းသားများ တွေ့မြင်သွားပါက မုချပြောင်လှောင်ကြတော့မည်"ဟု မင်းသမီးက စိုးရိမ်စွာပြောဆို၏။

"ရှင်မ၊ သင် အလုပ်မလုပ်လျှင် အစာ အသို့ရနိုင်အံ့နည်း၊ ငတ်မွတ်ခြင်းကို ရှုံ့ကြောက်ပါက မည်သည့် အလုပ်ကိုဖြစ်စေ လုပ်ဆောင်ရမည် မဟုတ်ပါလော" ဟု သူတောင်းစားက ဆိုလေသည်။

သို့ဖြင့် မင်းသမီးခမျာ စိတ်မချမ်းမြေ့စွာနှင့် အိုးရောင်းထွက်ရရှာ၏။ အစတွင် အိုးများ အထူးရောင်းကောင်း၏။ ဝယ်သူများအဖို့ အိုးသည်ကလေးမှာ အလွန်လှပချောမောသဖြင့် အထူးအဆန်းဖြစ်ကာ ဝယ်ကြကုန်၏။ ထို့ကြောင့် ရက်အနည်းငယ်အတွင်းမှာပင် အိုးအားလုံးကုန်သွားလေသည်။

သူတောင်းစားသည် နောက်ထပ်အိုးသစ်များ ယူဆောင်ပေး၏။ သို့သော် ထိုအိုးသစ်များ ရောက်စနေ့မှာပင် မြင်းစီးလာသော စစ်သားတစ်ယောက်သည် အရက်မူးမူးဖြင့် အိုးများကို ဝင်ရောက်တိုက်ခိုက်လေ၏။ အိုးအားလုံးပင် အစိတ်စိတ်အမြွှာမြွှာ ကွဲကုန်တော့သည်။ မင်းသမီးသည် မည်သို့ပြုရမည်မသိ။ ရှိုက်ကြီးတငင် ငိုကြွေးရှာ၏။

"ငါ့အား ခင်ပွန်းဖြစ်သူ ဆိုမြည်လေတော့မည်" ဟု မြည်တမ်းငိုယိုကာ အိမ်သို့ပြေး၍ အကျိုးအကြောင်းပြောပြ၏။ သူတောင်းစားက...

"သူတကာသွားသောလမ်းတွင် အိုးများ ချရောင်းသဖြင့်သာ ဤသို့ဖြစ်ရသည်။ စစ်သား၏ အပြစ်မဟုတ်၊ သင့်အပြစ်သာဖြစ်သည်။ ငို၍ အကျိုးမထူးပြီ။ ဤအလုပ်နှင့်လည်း သင်မသင့်လျော်၊ ဘုရင့်စားဖိုချောင်တွင် အစေခံလိုသည်ဟု ကြားရသည်။ ထိုအလုပ်ကိုပင် သင်ဝင်လုပ်ပါ။ ငါတို့အဖို့ အစားအစာ ပေါများစွာရရှိလိမ့်မည်" ဟု ပြောဆိုလေ၏။

သို့ဖြင့် မင်းသမီးသည် ဘုရင့်စားဖိုချောင်၌ အစေခံအဖြစ် ဝင်ရောက်လုပ်ကိုင်လေသည်။ စားဖိုချောင်တွင် သူသည် ထမင်းချက်ကို အစစအရာရာ ကူညီလုပ်ကိုင်ပေးရသည်။ အလုပ်သိမ်းသော် ထမင်းဟင်းအကြွင်းအကျန်တို့ကို အိမ်သို့ သယ်ဆောင်ကာ သူတောင်းစားနှင့်အတူ စားသောက်ကြရ၏။

သို့ဖြင့် မကြာမီ တစ်နေ့တွင် ဘုရင့်သားတော်ကြီး လက်ထပ်ထိမ်းမြားမည်ဟုသတင်းကြားရ၏။ မင်းသမီးသည် စားဖိုချောင်ပြတင်းမှ လှမ်းကြည့်လိုက်ရာ နန်းတွင်းကြီးကျယ်ခမ်းနားစွာ ပြင်ဆင်ထားသည်ကို တွေ့ရသည်။ ထိုအရာတို့ကို မြင်လေသော် တစ်ခါက ချမ်းမြေ့သာယာသော သူ့ဘဝကိုတွေးမိကာ လွန်စွာဝမ်းနည်းခြင်းဖြစ်မိ၏။ အလုပ်ပြီးသော် အစေခံတစ်ယောက်သည် သူ့အား ထမင်းဟင်းကျန်တို့ကို လာပေး၏။ သူသည် ယင်းတို့ကို ချိုင့်ငယ်တွင် ထည့်ကာ ထွက်လာခဲ့သည်။ ထိုသို့ ထွက်လာစဉ် နန်းဝ၌ လှပတောက်ပြောင်သော အဝတ်တန်ဆာတို့ကိုဝတ်ထားသည့် ဘုရင့်သားတော်ကြီးကို တွေ့၏။ ဘုရင့်သားတော်ကြီးက သူ့လက်ကို ရုတ်တရက်ဆွဲကိုင်ကာ သူနှင့်တွဲ၍ မင်္ဂလာပွဲတွင် ကခုန်ပါရန်ပြောဆို၏။ သူသည် ဘုရင့်သားတော်ကြီးကို သေချာစွာမော်ကြည့်လိုက်ရာ တစ်ကိုယ်လုံး တုန်လှုပ်သွား၏။ ဘုရင့်သားတော်ကြီးဆိုသူကား အခြားသူမဟုတ်၊ ဘုရင်မုတ်ဆိတ်ကြီးပင်တည်း။

ဘုရင်မုတ်ဆိတ်ကြီးလည်း သူ့ကိုအတင်းဆွဲလျက် နန်းတွင်းသို့ ခေါ်ဆောင်သွား၏။ မင်းသမီးလည်း ထိတ်လန့်စွာဖြင့် ရုန်းကန်လေရာ ထမင်းချိုင့်သည် လွတ်ကျသွား၏။ နန်းကြမ်းပြင်ပေါ်သို့ ထမင်းများ ဖိတ်ကျကုန်၏။ ဘေးမှ ပရိသတ်အပေါင်းသည် ဆူညံစွာရယ်မောကြကုန်၏။ မင်းသမီးအဖို့ ရှက်၍မဆုံးတော့ပြီ။ ထို့ကြောင့် သူသည် ထိုနေရာမှ ထွက်ပြေးလေ၏။ သို့သော် ဘုရင်မုတ်ဆိတ်ကြီးကား သူ့လက်ကို ဖမ်းဆွဲထားကာ...


"အို... နှမတော်၊ မကြောက်ပါလင့်။ မောင်တော်သည် သင်၏ခင်ပွန်းဖြစ်သူ သူတောင်းစားပင် ဖြစ်ပါသည်။ သင့်ကို မောင်တော် အလွန်ချစ်မြတ်နိုးသဖြင့် ဤသို့ ကြံဖန်ခေါ်ဆောင်လာခြင်း ဖြစ်ပါသည်။ စျေး၌ အိုးများကို မြင်းနှင့်တိုက်သော စစ်သားမှာလည်း မောင်တော်ပင်ဖြစ်ပါသည်။ သင်သည် လှဂုဏ်ကိုး၍ မာနကြီးလှသဖြင့် ဆုံးမခြင်းသာဖြစ်ပါသည်။ ယခု သင့်၌ မာနမရှိတော့ပြီ။ သင်သည် အမြင်မှန်ရလေပြီ။ ယနေ့မှစ၍ မောင်တော်၏မိဖုရားအဖြစ် သာယာချမ်းမြေ့စွာ စံမြန်းပါလေ။

ယခုမင်္ဂလာပွဲမှာ နှမတော်နှင့် မောင်တော်တို့ မင်္ဂလာပွဲအတွက်ကျင်းပရန် စီစဉ်ထားသောပွဲသာ ဖြစ်သည်" ဟုပြောပြလေသည်။ ခဏချင်းပင် အပျိုတော်များရောက်ရှိလာကာ မင်းသမီးအား သစ်လွင်လှပသော အဝတ်အစားတို့ကို ဝတ်ဆင်ပေးကြ၏။ မကြာမီ ခမည်းတော်နှင့်တကွ နန်းတော်သူ နန်းတော်သားများလည်း ရောက်ရှိလာ၏။ မင်းသမီး၊ ဘုရင်မုတ်ဆိတ်ကြီးနှင့်တကွ ပရိသတ်အားလုံးသည် ပျော်ရွှင်စွာဖြင့် မင်္ဂလာပွဲကို ဆင်နွှဲကြလေသတည်း။ ။

■

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ကဗျာ

# ပြာပြာညိုရောင်

✧ ကောင်းကင်ကပြာ
တိမ်လွှာက ညိုဆိုင်း၊
ဟိုတောင်စဉ် မြောင်ခွင်ရိုးမှာ
မိုးရီလို့ဝိုင်း။
✧ ရေဆင်းကပြာ
မာလာက ညိုမှိုင်း။
ပန်းရွှေကြာ ခိုင်ညာမင်းငယ်
သင်းပျံ့လို့လှိုင်း။
✧ မီးပုံကပြာ
ဝေဆာလို့ ဆင့်သိုင်း။
ညညိုညို မှောင်ခိုမင်းကို
ခွင်းတော့မည်တိုင်း။
✧ မျက်လုံးငဲ့ပြာ
ကြည်စွာပ လှည့်ဝိုင်း။
နုသားတော် ညိုညိုလုံ့ငယ်
နတ်နဲ့ပုံနှိုင်း။
✧ ဝတ်ရုံလဲ့ပြာ
အသာပ ခြုံသိုင်း။
✧ စီးရိုးငယ် မှောင်တညိုက
ချစ်သူကို ပျိုစောင့်စားပုံဖြင့်
"ငွေလဖြာ တိမ်လွှာကြားဆီက
ထွက်ပေါ်ကာ ပြုံးသလားသာပ
ညိုလွှာမှာ ခိုပြာသားတယ်"လို့
စကားဆို သည်လိုကြွေးစေတော့
ကြားလို့မရိုင်း။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



လူမှု ဘဝ

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

(၁၇-၁၀-၂၀၂၂ ရက်နေ့မှအဆက်)

ထိုဖြင့် မာဂရက်သက်ချာသည် စစ်အေးတိုက်ပွဲတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ သူသည် ကွန်မြူနစ်နိုင်ငံ ဆိုဗီယက်ပြည်ထောင်စုကို ဆန့်ကျင်တိုက်ခိုက်ရန် အမေရိကန်သမ္မတ ရော်နယ်ရီဂင်နှင့် မဟာမိတ်ဖွဲ့ခဲ့သည်။ သူသည် ကွန်မြူနစ်ဝါဒကို ဆန့်ကျင်သောဆုံးဖြတ်ချက်ပြင်းထန်သော်လည်း တစ်ချိန်တည်းတွင် မစ်ခေးဂိုဘာချော့နှင့် ဆက်ဆံရေးလွယ်ကူပြေပြစ်ရေးကို ကြိုဆိုခဲ့သည်။ သူဦးဆောင်မှုပြုနေသော ကာလအတွင်း စစ်အေးတိုက်ပွဲ (The Cold War) သည် ထိရောက်စွာ အဆုံးသတ်ခဲ့သည်။

မာဂရက်သက်ချာ၏ ရည်မှန်းချက်တစ်ခုမှာ ကုန်သွယ်မှု ယူနီယံများ၏ ပါဝါ(အာဏာ)ကို လျှော့ချရန်ဖြစ်သည်။ သူအုပ်ချုပ်သည့် ကာလတစ်လျှောက်၌ သတ္တုတွင်းသပိတ်တွင် သူ၏ရပ်တည်ချက်ကို ပြသလျက် စီမံခန့်ခွဲသည်။ နောက်ဆုံးတွင် အလုပ်သမားသပိတ်များကို သိသိသာသာလျှော့ချနိုင်ခဲ့သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းများနှင့် ပတ်သက်၍ မာဂရက်သက်ချာက အစိုးရပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ဆိုင်မှုသို့ ရွှေ့ပြောင်းခြင်းသည် စီးပွားရေးကို အထောက်အပံ့ဖြစ်သည်ဟု ယုံကြည်ခဲ့သည်။ ယေဘုယျအားဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းက ဈေးနှုန်းများကို အချိန်နှင့်အမျှလျှော့ချနိုင်ကြောင်း ပြသခဲ့သည်။

မာဂရက်သက်ချာ၏ ပထမအုပ်ချုပ်မှု သက်တမ်းကာလတွင် စီးပွားရေးနှင့်ပတ်သက်၍ ပြောင်းလဲမှုများစွာကို အကောင်အထည်ဖော်ခဲ့သည်။ ယင်းပြောင်းလဲမှုများတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ ယူနီယံပြန်လည်ပြုပြင်ဖွဲ့စည်းခြင်း၊ မြင့်တက်လာသောအတိုးနှုန်းများနှင့် အခွန်များပြောင်းလဲမှုတို့ ပါဝင်သည်။ အစပိုင်းတွင် ကိစ္စရပ်များ ကောင်းစွာအလုပ်မဖြစ်သော်လည်း နှစ်အနည်းငယ်အကြာတွင် စီးပွားရေးသည် စတင်တိုးတက်လာခဲ့သည်။

၁၉၈၄ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် မာဂရက်သက်ချာ တည်းခိုနေသော ဘရိုက်တန်ဟိုတယ်တွင် ဗုံးပေါက်ကွဲခဲ့သည်။ ယင်းသည် သူတည်းခိုရာဟိုတယ်အခန်းကို ပျက်စီးစေခဲ့သော်လည်း မာဂရက်မှာမူ ထိခိုက်ဒဏ်ရာရခြင်းမရှိချေ။ ဤသည်မှာ အိုင်းရစ်လွတ်မြောက်ရေးတပ်မတော်၏ လုပ်ကြံသတ်ဖြတ်သော ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။

အခွန်နှင့်ပတ်သက်သော သူ၏ဝါဒများသည် လာမည့်ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်အပေါ် ထိခိုက်စေနိုင်ကြောင်း ဖိအားပေးသဖြင့် မာဂရက်သက်ချာသည် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ မာဂရက်သက်ချာသည် ဝန်ကြီးချုပ်ရာထူးမှ အနားယူပြီး ၁၉၉၂ ခုနှစ်တိုင်အောင် ပါလီမန်အမတ်အနေဖြင့် ဆက်လက်ဆောင်ရွက်ခဲ့သည်။ သူသည် နိုင်ငံရေးတွင် တက်ကြွစွာဆောင်ရွက်နေဆဲဖြစ်ပြီး စာအုပ်များစွာရေးခဲ့သည်။ မိန့်ခွန်းများစွာပြောဆိုခဲ့သည်။

မာဂရက်သက်ချာသည် ဒင်းနစ်သက်ချာနှင့် ၁၉၅၁ ခုနှစ်တွင် လက်ထပ်ခဲ့ရာ အမြွှာကလေးနှစ်ဦးဖြစ်သော မာ့ခ်နှင့် ကာရိုးလ်ကို မွေးဖွားခဲ့သည်။ သူ့ခင်ပွန်း ဒင်းနစ်သည် ၂၀၀၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ကွန်ဆာဗေးတစ်ဝါဒနှင့် နိုင်ငံရေးဆိုင်ရာ သူ၏အမှတ်တံဆိပ်ကို မကြာခဏဆိုသလို ယနေ့ခေတ်တွင် သက်ချာဝါဒ (Thatcherism) ဟုရည်ညွှန်းပြောဆိုကြသည်။ သူ၏ကွန်မြူနစ်ဝါဒအပေါ် ပြင်းထန်သောဆန့်ကျင်မှုကို တုံ့ပြန်သည့်အနေဖြင့် ဆိုဗီယက်ခေါင်းဆောင် ယူရီဂိုဘာချော့က "သံမဏိအမျိုးသမီး" (The Iron Lady) ဟု အမည်ပြောင်ပေးခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှ လွတ်မြောက်ခြင်းဆိုင်ရာသမ္မတဆုကို သူ့အား ချီးမြှင့်ခဲ့သည်။

နိုင်ငံရေးတွင် သူရှိနေခဲ့ခြင်းနှင့်ပတ်သက်၍ သူပြောကြားခဲ့သော မှတ်သားဖွယ်စကားမှာ ဤသို့ဖြစ်သည်။

"အကောင်းနှင့် အဆိုးကြားမှာ ပဋိပက္ခတွေ ရှိနေတဲ့အတွက်ကြောင့် ကျွန်မ နိုင်ငံရေးမှာ ရှိနေရတာပါ၊ ပြီးတော့ အဆုံးမှာ အကောင်းတွေကပဲ အောင်ပွဲခံလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်"

မာဂရက်သက်ချာသည် ၂၀၁၃ ခုနှစ် ဧပြီ ၈ ရက်နေ့တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကွယ်လွန်ခဲ့သည်။ ။

■

❍ အကောင်းနှင့် အဆိုးကြားမှာ ပဋိပက္ခတွေ ရှိနေတဲ့အတွက်ကြောင့် ကျွန်မ နိုင်ငံရေးမှာ ရှိနေရတာပါ၊ ပြီးတော့ အဆုံးမှာ အကောင်းတွေကပဲ အောင်ပွဲခံလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၅၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၈ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၂၃-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၈၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၃၂,၁၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၀,၆၀၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၄,၃၁၈) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၆) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၂-၁၀-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၆၈၃,၆၆၆)ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၆၇၇,၆၃၄) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၂-၁၀-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၆၈၃,၆၆၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၇၇,၆၃၄ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန်လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး များအခမဲ့ ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၀၆၂၈၇၉ | ၉၆၄၉၈၈၀၇ | ၁၀၉၂၇၉၃ |
| ၂။ | အိန္ဒိယ | ၄၄၆၄၂၇၄၂ | ၄၄၀၉၀၃၄၉ | ၅၂၈၉၆၁ |
| ၃။ | ပြင်သစ် | ၃၆၅၆၈၃၅၁ | ၃၅၃၁၈၉၂၃ | ၁၅၆၃၃၇ |
| ၄။ | ဂျာမနီ | ၃၅၁၇၂၆၉၃ | ၃၃၂၉၇၇၀၀ | ၁၅၂၄၈၂ |
| ၅။ | ဘရာဇီး | ၃၄၈၂၈၉၁၆ | ၃၃၉၉၈၉၄၂ | ၆၈၇၆၆၅ |
| ၆။ | တောင်ကိုရီးယား | ၂၅၂၉၇၃၃၄ | ၂၄၈၅၃၉၂၀ | ၂၈၉၉၀ |
| ၇။ | ဗြိတိန် | ၂၃၈၅၅၂၂ | ၂၃၄၆၀၅၇၁ | ၁၉၂၆၈၂ |
| ၈။ | အီတလီ | ၂၃၃၂၂၅၂၂ | ၂၂၆၂၀၂၈၄ | ၁၇၈၅၄၂ |
| ၉။ | ဂျပန် | ၂၁၉၉၁၂၇၇ | ၂၀၄၇၁၂၁၇ | ၄၆၂၇၄ |
| ၁၀။ | ရုရှား | ၂၁၃၇၂၉၃၅ | ၂၀၇၁၉၁၀၆ | ၃၈၉၅၃၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၆၉၈၇ | ၁၀၆၀၀၉၆၅ | ၄၃၁၅၉ |
| ၂။ | အင်ဒိုနီးရှား | ၆၄၇၀၉၆၁ | ၆၂၉၃၁၄၇ | ၁၅၈၄၂၉ |
| ၃။ | မလေးရှား | ၄၈၈၀၀၀၅ | ၄၈၁၆၂၆၂ | ၃၆၄၄၄ |
| ၄။ | ထိုင်း | ၄၆၈၇၂၈၁ | ၄၆၄၉၅၀၉ | ၃၂၈၈၂ |
| ၅။ | ဖိလစ်ပိုင် | ၃၉၉၄၆၃၄ | ၃၉၀၇၄၈၆ | ၆၃၇၇၉ |
| ၆။ | စင်ကာပူ | ၂၀၅၉၇၀၉ | ၁၉၆၄၀၅၄ | ၁၆၆၀ |
| ၇။ | မြန်မာ | ၆၃၀၆၀၃ | ၆၀၄၃၁၈ | ၁၉၄၇၆ |
| ၈။ | ဘရူနိုင်း | ၂၃၄၅၈၂ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၁၇၇ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၇၉ | ၁၃၄၈၉၃ | ၃၀၅၆ |

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဈေးမီးဘေးလုံခြုံရေး ဓာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဈေးမီးဘေး လုံခြုံရေး ဓာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက မဟာဗန္ဓုလလမ်းမကြီးရှိ မြို့နယ်စည်ပင်သာယာပိုင် မြို့မဈေးကြီး၌ ဆောင်ရွက်သည်။

အဆိုပါ ဈေးမီးဘေးလုံခြုံရေးဓာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယဦးစီးမှူး ဦးမင်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြည့်ရှုအားပေးကြပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော် ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က မီးသတ်ယာဉ်သုံးစီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသည်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ရေး ဓာတ်တိုက်လေ့ကျင့်ကြကာ ဈေးသူဈေးသားများအား မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့က မီးခိုးမွန်းအသက်ရှူပိတ် မေ့မြောခြင်းအား အခြေခံအသက်ကယ် အထောက်အကူပြုနည်းစနစ်ဖြင့် ပြုစုခြင်း၊ အမြင့်မှကျ၍ ကျောရိုးတန်းမကြီးထိခိုက်မှုပြုစုနည်းအား လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **အောင်အောင်(ပြန်/ဆက်)**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၁-၁၀-၂၀၂၂ ရက်မှအဆက်

'မ' သည် ကိုဘခက်၏ရင်ခွင်၌သာ ခေါင်းမြှုပ်ထားရာမှ တဖြည်းဖြည်း မော့၍ကြည့်လိုက်သည်။ သို့ မော့လိုက်သည့်အခါတွင် 'မ' ၏ လည်တိုင်ကြော့ကြော့မှ သွေးကြောစိမ်းစိမ်းကလေးများသည် ဖြာဆင်း၍လာသည်။ ကိုဘခက်သည် 'မ' ကိုမကြည့်ဘဲ ရှေ့ကိုသာ မျှော်ကြည့်ရင်း ငေးနေတော့သည်။




အမှန်တော့ အသိဖြင့်ချစ်ရသောအချစ်သည် ကင်းလွတ်မှုမရှိ။ ပေါ့ပါးမှုမရှိ။ အသိက ချစ်စိတ်ကို ချုပ်နှောင်၍ ထားတတ်သည်။ အချစ်အတွက် ရင်ဆိုင်ရမည့်အခက်အခဲများကို တင်ကြိုစဉ်းစားထားရသည်ကို ကိုဘခက်ရော 'မ' ပါ နားလည် သဘောပေါက်မိသည်။ ထို့ကြောင့်လည်း ကိုဘခက်သည် ရှေ့ရေးကိုတွေးရင်း ရင်လေးလာသည်။

'မ' သည် ကိုဘခက်ကို မျက်တောင်မခတ်ကြည့်နေရင်းမှ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းကလေးကို အောက်သွားကလေးဖြင့် ကိုက်ထားလိုက်သည်။

ကိုဘခက်က 'မ' ၏နားထင်စမှ ဆံနုကလေးများကို အသာသပ်၍ပေးလိုက်သည်။

သည်တော့မှလည်း မျက်လုံးချင်းဆိုင်၍သွားလေသည်။

'မ' အဖြစ်ကို ဆရာသိပါတယ် ဆရာ။ ဆရာ့ကို 'မ' အားလုံးပြောထားပြီးပါပြီ။ ညီအစ်မသုံးယောက်ရှိတဲ့အထဲမှာ 'မ' ဟာ မလွတ်လပ်ဆုံး မိန်းကလေးတစ်ယောက်ပါ ဆရာ။ မေမေက 'မ' ကို ခဏခဏသတိပေးတယ်။ သမီးသုံးယောက်ထဲမှာ 'မ' ဟာ စိတ်အားအငယ်ဆုံးတဲ့။ ဆုံးဖြတ်တဲ့နေရာမှာ မပိုင်ဘူးတဲ့။ မပြတ်သားဘူးတဲ့။ 'မ' ရဲ့ရှေ့ရေးအတွက်ကို သူစီစဉ်ပေးမယ်တဲ့။ 'မ' ဟာ 'မ' မဆုံးဖြတ်ရဘူးတဲ့။ ဖေဖေကဆိုရင် 'မ' ကို အိမ်ထောင်မပြုစေချင်ဘူး။ သူ့နဲ့အတူနေစေချင်တယ်။ ဒီတော့ 'မ' ရဲ့အသည်းနှလုံးဆိုတာ ဘယ်မှာသွားထားရမှာလဲ ဆရာ။ ဘယ်သူ့ဆီကိုအပ်ရမှာလဲ"

'မ' သည် သူ့ဘဝမှန်ကို ဝမ်းနည်းပက်လက်ဖြင့် ဖွင့်အန်လိုက်သည်။

ကိုဘခက်သည် 'မ' ကို ပို၍သနားမိသည်။ ကိုယ့်ဘဝကိုမှ ကိုယ်မပိုင်သူ့ထံတွင် အချစ်ကို တောင်းခံနေမိခြင်းသည် နှစ်ဦးစလုံးအတွက် စိတ်ဆင်းရဲစေမည်ကိုလည်း သဘောပေါက်မိသည်။

"ကျွန်တော်နားလည်ပါတယ်။ 'မ' ဟာ 'မ' ရဲ့ပတ်ဝန်းကျင်မှာ ဘယ်လောက်တောင်ငြီးငွေ့နေပေမယ့် ဒီအနှောင်အဖွဲ့က ရုန်းမထွက်နိုင်ဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်။ အမှန်တော့ ကျွန်တော်ဟာ 'မ' ကို အနှောင့်အယှက်ပေးသလိုဖြစ်နေပြီ။ ကျွန်တော် တစ်ခုပဲစဉ်းစားမိတယ်။ အကောင်းဆုံးကတော့ ကျွန်တော် ဒီအိမ်မှာမရှိရင် 'မ' အတွက် စိတ်ချမ်းသာပါလိမ့်မယ်။ လူနှစ်ယောက်ရှိတဲ့အနက် နှစ်ယောက်စလုံး စိတ်ချမ်းသာမယ့်အဖြစ်ကိုမရရင် နှစ်ယောက်စလုံး စိတ်ဆင်းရဲတော့ မခံစေချင်ဘူး။ တစ်ယောက်ယောက်ကတော့ အနစ်နာခံရမှာပဲ။ ဒီတော့ ကျွန်တော် ဒီအိမ်မှာမနေတာ အကောင်းဆုံးပါပဲ။ လောကမှာ စိတ်ဆင်းရဲရမှာကို အကြောက်ဆုံးဆိုတဲ့ 'မ' တစ်ယောက် စိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော် လုပ်ရဲပါတယ်"

ကိုဘခက်သည် တုန်ယင်လှိုက်လှဲသောအသံဖြင့် တစ်လုံးချင်းပြောလိုက်သည်။

ကိုဘခက်၏ စကားများသည် 'မ' ၏ ရင်ထဲတွင် သိမ့်သိမ့်ခါသွားစေသည်။

ပြောချင်လွန်းလှသော စကားသည်လည်း ရင်ထဲတွင် လှိုင်းခုန်သလို ခုန်နေတော့သည်။

ချုပ်တည်းမျိုသိပ်ထားရသော စကားများကို အတားအဆီးမရှိပြောချလိုက်ချင်သည်။

နှုတ်ခမ်းပါးကလေးနှစ်လွှာမှာ တရွရွတုန်၍နေ၏။ စကားများက တစ်လုံးမှ ထွက်မလာ။

ကိုဘခက်ကိုသာ ကရုဏာပြည့်လျှမ်းသောမျက်လုံးများဖြင့် တွေတွေကြီး စိုက်ကြည့်နေမိသည်။

ကိုဘခက်သည် အံကိုကြိတ်၍ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။ 'မ' ၏ ပခုံးလေးနှစ်ဖက်ကိုလည်း အသာဆုပ်ကိုင်၍ နောက်သို့ရွှေ့စေသည်။ ပြီးမှ လူချင်းခွာလိုက်သည်။

"ကျွန်တော် တခြားမှာပြောင်းဖို့ စီစဉ်ပြီးခဲ့ပြီ။ ဒါမှ 'မ' ကို ရှောင်လို့မလွတ်သေးဘူးထင်ရင် အညာကိုပြန်မယ်။ ကျွန်တော့်ရည်မှန်းချက်ကို အခိုက်အတန့်တော့ စွန့်လွှတ်လိုက်ရမှာပဲ။ နောင်ကို စိတ်ထိန်းနိုင်ပြီလို့ထင်တဲ့ တစ်ချိန်မှာတော့ ကျွန်တော် ပြန်လာခဲ့မယ်။ ဒါပေမဲ့ ကျွန်တော် ကတိပေးပါတယ်။ အဲဒီအချိန်မှာတော့ ကျွန်တော်ဟာ 'မ' ကို အနှောင့်အယှက်ပေးမယ့် လူတစ်ယောက် မဟုတ်တော့ပါဘူးဆိုတာတော့ 'မ' ယုံထားပါ"

ကိုဘခက်သည် 'မ' ကို မျက်နှာလွှဲလိုက်သည်။ 'မ' သည် ကိုဘခက်ကို ကြည့်ရင်း မောဟိုက်သံဖြင့် ကိုဘခက်ကို လှမ်းခေါ်လိုက်သည်။

"ဆရာ..."

ကိုဘခက်သည် 'မ' ကို ကျောပေး၍ လျှောက်သွားရာမှ ရပ်လိုက်၏။

'မ' သည် သည်နေရာမှနေ၍ ကိုဘခက်ကိုသာ ကြည့်နေသည်။ နောက်တစ်ခွန်းခေါ်ရန် ကြိုးစားသော်လည်း အသံက မထွက်လာပေ။ ကိုဘခက်သည် 'မ' ကို ခပ်ဖြည်းဖြည်း ပြန်လည်၍ကြည့်လိုက်သည်။ သည်တော့မှ ကိုဘခက်ရှိရာသို့ 'မ' က အပြေးလိုက်သွားသည်။

အနားရောက်တော့မှ ကိုယ်ရှိန်သပ်လိုက်ရင်း ကိုဘခက်၏ လက်မောင်းတစ်ဖက်ကို ဆွဲလိုက်မိသည်။ ကိုဘခက်က 'မ' ပြောမည့်စကားကို စောင့်၍နားထောင်နေမိသည်။

'မ' ၏မျက်နှာကလေးက ရှက်စိတ်ကြောက်စိတ်ဖြင့် နီရဲနေသည်။ မျက်လုံးကလေးများကလည်း အရည်လည်လာကာ ပို၍တောက်ပလာသည်။

"ဆရာ ... ဆရာ ဘယ်မှသွားစရာမလိုပါဘူး ဆရာ။ 'မ' ကို ဆရာ အနှောင့်အယှက်မပေးပါဘူး။ 'မ' ကသာ ဆရာ့ ..."

'မ' သည် ရင်တွင်းမှ ရိုက်ခတ်၍ထွက်လာသောအသံဖြင့် ညင်းညံ့ညံ့ပြောလိုက်သည်။ ကိုဘခက်သည် အံ့သြရှင်လန်းသောမျက်နှာဖြင့် 'မ' ကို တဖြည်းဖြည်း ကြည့်နေမိသည်။ 'မ' ကမူ ပြောမည့်စကားကို မဆက်နိုင်အောင်ရှိသည်။

"'မ ...'"

"ဆရာ ..."

ခေါ်သံနှင့် ထူးသံသည် စောင်းကဲ့သို့ နူးညံ့သိမ်မွေ့လှသည်။ နှုတ်ဖြင့် ခေါ်ထူးလိုက်သလို မျက်လုံးချင်းလည်း အဓိပ္ပာယ်ပါသောအကြည့်ဖြင့် ခေါ်ထူးနေဟန်ရှိသည်။

တစ်ယောက်နှင့်တစ်ယောက် ဘာမျှမပြောဘဲ အညို့ဓာတ်အာရုံတွင် နစ်နေကြသည်။ တဖြည်းဖြည်း တစ်ယောက်နားသို့တစ်ယောက် ကပ်၍သွားသည်။ ကိုဘခက်သည် 'မ' ၏အိထွေးသောလက်မောင်းအိုးကလေးကို ဆုပ်ကိုင်ထားလိုက်သည်။

"ကျွန်တော် 'မ' အပေါ်မှာ ချစ်တဲ့စိတ်ကို ဘယ်လိုဖျောက်ပစ်ရမလဲ။ 'မ' ရယ် ... 'မ' ပဲ သင်ပေးပါဦး"

"မလိုပါဘူး ဆရာ။ မလိုတော့ပါဘူး၊ ဆရာ 'မ' ကို ဘယ်လောက်ချစ်တယ်ဆိုတာ 'မ' နားလည်ပါတယ်ဆရာ။ 'မ' ဘယ်လိုပြောရမလဲဆရာ။ 'မ' လေ ကြောက်တာတစ်ခုကလွဲလို့ တခြားဘာမှမရှိပါဘူး။ 'မ' မညာပါဘူးဆရာ"

ကိုဘခက်သည် 'မ' ၏ ပြည့်ဖြိုးညက်ညောသော ကိုယ်လုံးကလေးကို သိမ်းကျုံးထွေးပိုက်လိုက်သည်။ 'မ' ၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်၍နေသည်။

"ကျွန်တော်နားလည်ပါပြီ။ 'မ' ကို ကျွန်တော် နားလည်ပြီ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ချစ်တယ်ဆိုရင်ပဲ ကျွန်တော် ဝမ်းသာလို့မဆုံးတော့ပါဘူး။ ခေတ်ပညာတတ် အဖိုးထိုက် အဖိုးတန် မိန်းကလေးတစ်ယောက်က ကျွန်တော့်လို အညတရတစ်ယောက်အပေါ်မှာ ..."

'မ' သည် သူ၏လက်တစ်ဖက်ဖြင့် ကိုဘခက်၏ပါးစပ်ကို အသာကာထားလိုက်သည်။

ဒါတွေ မပြောပါနဲ့ဆရာ။ 'မ' ရင်နာလွန်းလို့၊ ဆရာနဲ့ 'မ' နဲ့ နောင်ရေးကို မတွေးကြပါနဲ့။ နောက်ဖြစ်မယ့်ကိစ္စ နောက်မှဆုံးဖြတ်ကြပြီး ခုစိတ်ချမ်းသာမယ်ဆိုရင် တော်ပြီ။ နော်...ဆရာ ကျေနပ်ပါတယ်နော်"

"ကျွန်တော် ကျေနပ်ပါတယ်။ 'မ' နှလုံးသားထဲမှာ ကျွန်တော့်အတွက် တစ်နေရာပေးတယ်ဆိုရင်ပဲ ကျွန်တော် တစ်သက်လုံးကျေနပ်ပါပြီ"

ကိုဘခက်သည် 'မ' တစ်ကိုယ်လုံးကို အတင်းအကျပ် ဖက်ထားရာမှ ရင်ချင်းကပ်လိုက်သည်။

"'မ' အသည်းထဲမှာ ဆရာ့ရဲ့အချစ်ကလွဲလို့ ဘယ်သူ့အချစ်ကိုမှ နောက်ထပ်နေရာမပေးတော့ဘူးဆိုတာ ယုံပါဆရာ။ 'မ' တို့ရဲ့ဇာတ်ဟာ ဘယ်လိုအဆုံးသတ်မယ်ဆိုတာတော့ အတပ်မပြောနိုင်ဘူး။ တွေးလည်း မတွေးရဲဘူး။ ဒါပေမဲ့ ဘယ်နည်းနဲ့ဖြစ်စေ 'မ' ရဲ့အချစ်ကိုတော့ ဆရာယုံစေချင်တယ်"

"ကျွန်တော် ယုံပါတယ်။ 'မ' ကို အမြဲတမ်းယုံမှာပဲ။ ကျွန်တော်တို့ရဲ့ဘဝဟာ ဘယ်လိုပဲပြောင်းလဲသွားသည့်တိုင်အောင် 'မ' ကို ကျွန်တော် အမြဲယုံနေမယ်။ ချစ်နေမယ်"

ကိုဘခက်သည် ပြောရင်းဆိုရင်းပင် 'မ' ၏ ပါးနုနုကလေးကို သူ့ပါးဖြင့် ကပ်ထားလိုက်သည်။ နှစ်ယောက်စလုံး၏ ရင်ခုန်သံများသည် ရောယှက်၍သွားတော့သည်။

ကိုဘခက်က 'မ' ၏ ပါးမို့မို့ကလေးကို ခပ်ဖွဖွ နမ်းလိုက်ရာမှ ကျေနပ်ဟန်မရှိသေးဘဲ အထပ်ထပ် နမ်းလိုက်ပြန်သည်။ 'မ' သည် ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံးတုန်နေသော်လည်း ကိုဘခက် ပြုသမျှကို မငြင်းဆန်၊ ငြိမ်၍သာခံနေသည်။

ထိုအတွင်းမှာပင် တံခါးဖွင့်သံကြားလိုက်ရသည်။ နှစ်ယောက်သားရုတ်တရက် လူချင်းခွာလိုက်သည်။ 'မ' သည် ကြောက်လန့်တကြား အပေါက်ဝဆီသို့ လှည့်၍ကြည့်လိုက်မိသည်။

'မ' သည် ဝင်လာသူကို ကြည့်နေရင်းက တစ်ကိုယ်လုံး တုန်သွားသည်ဟုထင်လိုက်မိသည်။ ကိုဘခက်ကမူ ခေါင်းကိုငုံ့ထားရာမှ မဖော်တော့။ 'မ' မျက်နှာမှာ သွေးမရှိချေ။ ဝင်လာသူကိုသာ ကြောက်အားဖြင့် အသနားခံသလို ရှိတော့သည်။

ဝင်လာသူက ရွှေမောင်းကလေး မော်ပင်ဖြစ်သည်။ သူသိသွားလျှင် ပါးစပ်ပိတ်၍ ရတော့မည်မဟုတ်ကြောင်းကိုလည်း 'မ' က နားလည်ထားသည်။ ထို့ကြောင့်လည်း မော့်ကို ကြောင်၍ကြည့်နေသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**'အသိဖြင့်ချစ်ရသောအချစ်သည် ကင်းလွတ်မှုမရှိ။ ပေါ့ပါးမှုမရှိ။ အသိက ချစ်စိတ်ကို ချုပ်နှောင်၍ထားတတ်သည်။ အချစ်အတွက် ရင်ဆိုင်ရမည့် အခက်အခဲများကို တင်ကြိုစဉ်းစားထားရသည်ကို ကိုဘခက်ရော 'မ' ပါ နားလည်သဘောပေါက်မိသည်။ ထို့ကြောင့်လည်း ကိုဘခက်သည် ရှေ့ရေးကိုတွေးရင်း ရင်လေးလာသည်။ 'မ' သည် ကိုဘခက်ကို မျက်တောင်မခတ် ကြည့်နေရင်းမှ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းကလေးကို အောက်သွားကလေးဖြင့် ကိုက်ထားလိုက်သည်။ ကိုဘခက်က 'မ' ၏ နားထင်စမှ ဆံနုကလေးများကို အသာသပ်၍ပေးလိုက်သည်။ သည်တော့မှလည်း မျက်လုံးချင်း . . .'**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

## မြန်မာ့လက်မှုအနုပညာ ပုဂံဒေသထွက် ယွန်းထည်ပစ္စည်း အရောင်းအဝယ်ပါးသော်လည်း လုပ်ငန်းများ ဆက်လက်လုပ်ကိုင်

**ညောင်ဦး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံဒေသထွက် မြန်မာ့လက်မှုအနုပညာ ယွန်းထည်ပစ္စည်းထုတ်လုပ်မှု အရောင်းအဝယ်ပါးသော်လည်း ယွန်းလုပ်သား၊ ယွန်းအလုပ်သမများ အဆင်ပြေစေရန် ယွန်းလုပ်ငန်း လုပ်ကိုင်လျက်ရှိကြောင်း ပုဂံမြို့ယွန်းလုပ်ငန်းရှင် ဦးကျော်မြင့်ဌေးက ပြောကြားသည်။

ယွန်းထည်လုပ်ငန်းသည် မြန်မာ့လက်မှုအနုပညာဖြစ်ပြီး အနုစိတ်လုပ်ကိုင်ရသော လုပ်ငန်းဖြစ်ကာ ယွန်းပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော် ပြုလုပ်ကြောင်း၊ ယွန်းလုပ်ငန်းရှင်များက ယွန်းလက်ဖက်အုပ် ယွန်းဆွမ်းအုပ်များကို အများဆုံးပြုလုပ်ကြကြောင်း သိရသည်။

ယွန်းထည်ပြုလုပ်ရခြင်းအဆင့်ဆင့်တွင် အချောခံခြင်း၊ စဉ့်ဖတ်တင်ခြင်း၊ နီးခေါင်းထိုးခြင်း၊ နီးစိတ်ခြင်း၊ ကြောင်လိမ်ထည်လုပ်ခြင်း၊ ဖွဲတည်ခြင်း၊ မြေခံခြင်း၊ အဖြူခွေခြင်း၊ နီးဖြာခြင်း၊ ပုတ်ထည်၊ ယွန်းထပ်ခြင်း၊ သားရိုးချောခြင်း၊ ခါးကောက်ခြစ်ခြင်း၊ နီးသပ်ခြင်း၊ ရက်ထည်ခြင်းတို့ကို အဆင့်ဆင့်ပြုလုပ်ရသည်။

ယွန်းထည်လုပ်ငန်းလုပ်ကိုင်ကြသည့် ယွန်းလုပ်သားတစ်ဦး တစ်ရက်လျှင် ကျပ် ၁၀၀၀၀ နှင့် ယွန်းကျွမ်းကျင်လုပ်သားတစ်ဦးလျှင် ကျပ် ၂၀၀၀၀ ရရှိကြကြောင်း၊ ယွန်ထည်များပြုလုပ်ပြီး မြေအောက်ခန်းအတွင်း အလုံပိတ်ထားကာ ယွန်းထည်များ မြေထပ်ပေးထားပြီး တစ်နှစ်ကျော်မှ ရောင်းချရကြောင်း ယွန်းလုပ်ငန်းရှင်များက ပြောကြားသည်။

**ဝင်းထိန်(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ် မျိုးသန့်ခြံမှ စပါးမျိုးကွဲ လေးမျိုးအား မျိုးစပါးတင်းရေ ၇၀၀၀ ကျော် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့

**ပွင့်ဖြူ အောက်တိုဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ မျိုးသန့်ခြံမှ နှစ်စဉ် မနောသုခ ၊ ဆင်းသုခ၊ ရတနာတိုး၊ ဧရာမင်းစပါးမျိုးကွဲ လေးမျိုးအား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိရာ ယခု ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နွေစပါးနှင့် မိုးစပါးစိုက်ပျိုးရာသီတွင် မျိုးစပါးတင်းရေ ၇၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့မျိုးသန့်ခြံတာဝန်ခံ ဦးအောင်ချစ်ထံမှ သိရသည်။



“ကျွန်တော်တို့ ပွင့်ဖြူမြို့မျိုးသန့်ခြံမှ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၅ မြို့နယ်မှာရှိတဲ့ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ကြတဲ့ တောင်သူဦးကြီးတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ ပြည်သူတွေ စားနပ်ရိက္ခာဖူလုံစေဖို့အတွက် ရည်ရွယ်ပြီး နှစ်စဉ် မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး၊ ဧရာမင်းစပါးမျိုးကွဲလေးမျိုးကို စိုက်ပျိုးထုတ်လုပ်ပြီး ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကုလားပဲမျိုးကောင်းမျိုးသန့်တွေဖြစ်တဲ့ ရေဆင်း (၆) နဲ့ ရေဆင်း (၁၂) ကုလားပဲသီးနှံမျိုးတွေကိုလည်း ဖြန့်ဖြူးဆောင်ရွက်ပေးပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ တိုင်းဒေသကြီးအတွင်း ခရိုင်ငါးခုအား မျိုးစပါး စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးနိုင်မှုအနေနဲ့ စပါးမျိုးကွဲလေးမျိုးဖြစ်တဲ့ မျိုးစပါးတင်းရေ ၇၈၆၀ ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ အခု ၂၀၂၂ ခုနှစ် နွေစပါးနဲ့ မိုးစပါး စိုက်ပျိုးရာသီမှာ မျိုးစပါးဖြန့်ဖြူးပေးနိုင်မှုအနေနဲ့ကတော့ မျိုးစပါးတင်းရေ ၇၂၁၁ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ဆက်လက်၍လည်း ကျွန်တော်တို့ မျိုးသန့်ခြံအနေနဲ့ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာ ဖူလုံစေရေးနဲ့ ဒေသတွင်းရှိ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ မျိုးကောင်းမျိုးသန့်မျိုးစေ့တွေကို အပြည့်အဝ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်” ဟု ပွင့်ဖြူမြို့ မျိုးသန့်ခြံတာဝန်ခံ ဦးအောင်ချစ်က ပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေပေါကြွယ်ဝသည့်အပြင် ရေမြေသဘာဝနှင့် ရာသီဥတု မျှတကောင်းမွန်မှုကြောင့် နှစ်စဉ် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆန်စပါး အများဆုံး စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြို့နယ်တစ်ခုဖြစ်ရာ တိုင်းဒေသကြီးအတွင်းရှိ အချို့သောပြည်သူများက ပွင့်ဖြူမြို့နယ်ကို ဆန်စပါးစားနပ်ရိက္ခာ အများဆုံး ထုတ်လုပ်နိုင်သည့်အတွက် စားနပ်ရိက္ခာဖူလုံသော အိုအေစစ်မြို့လေးဟု တင်စားခေါ်ဝေါ်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

## ထီးချိုင့်မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းဆောင်ရွက်



**ထီးချိုင့် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကြိုတင် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၃)ရပ်ကွက်ရှိ လူစည်ကားရာ လမ်းဆုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အသိပညာပေး**

ထိုသို့ နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းနှင့် ဝန်ထမ်းများ၊ ရဲမှူးပြေဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်ပြန်/ဆက်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဒေသခံပြည်သူများအား နေအိမ်ပြင်ပသို့ ထွက်ခွာပါက နှာခေါင်းစည်းများ စနစ်တကျမဖြစ်မနေ တပ်ဆင်သွားလာရန်၊ လက်ကိုမကြာခဏ ဆေးကြောရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန်၊ တစ်ဦး တစ်ယောက်ချင်းစီအလိုက် မိမိတို့၏ ကျန်းမရေးအသိစိတ်များနှင့် အညီ ရောဂါကူးစက်မှုမရှိစေရေး သတိပြုနေထိုင်ကြရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်သွားကြရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံကြရန် အသိပညာပေး ဟောပြောခြင်း၊ လမ်းသွားလမ်းလာ ပြည်သူများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကြပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ သတိပေးနှိုးဆော်မှုများကိုလည်း စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲလင်းထွန်း(ထီးချိုင့်)**

# ဘာရိုက်တန်ကို အနိုင်ရပြီး ပရီမီယာလိဂ်အိမ်ကွင်း ၁၀ ပွဲဆက်တိုက်နိုင်ပွဲရယူနိုင်ခဲ့တဲ့ မန်စီးတီး




မန်စီးတီးအသင်းဟာ အောက်တိုဘာ ၂၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘာရိုက်တန်အသင်းနဲ့ ပွဲစဉ်မှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အိမ်ကွင်း ၁၀ ပွဲဆက်တိုက် နိုင်ပွဲရရှိခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို စိုက်ထူနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။

ဘာရိုက်တန်အသင်းနဲ့ ပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၂၂ မိနစ်နဲ့ ၄၃ မိနစ် (ပင်နယ်တီ)တို့မှာ တိုက်စစ်မှူး ဟာလန်းက နှစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ဒုတိယပိုင်း ပွဲကစားချိန် ၇၅ မိနစ်မှာ ဒီဘရိုင်းကတစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဘာရိုက်တန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ထရော့ဆာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး ဟာလန်းဟာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် ၂၀၁၈ ခုနှစ်အတွင်းက တိုက်စစ်မှူး ဆာဂျီယိုအဂူရို အိမ်ကွင်းခုနစ်ပွဲဆက်တိုက် ဂိုးသွင်းခဲ့ပြီးနောက်ပိုင်း တိုက်စစ်မှူးဟာလန်းက မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်အိမ်ကွင်းခုနစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားဖြစ်လာခဲ့ပါတယ်။

ဒါ့အပြင် တိုက်စစ်မှူး ဟာလန်းဟာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၁၁ ပွဲမှာ သွင်းဂိုး ၁၇ ဂိုးအထိ ရှိလာခဲ့ပြီး ပရီမီယာလိဂ်ရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပြီး နည်းပြဂွါဒီယိုလာကတော့ မန်စီးတီးအသင်းနည်းပြဘဝမှာ ပြိုင်ဘက်အသင်းတွေဆီကနေ ရရှိခဲ့တဲ့ သွင်းဂိုး ၆၀၀ ပြည့်မြောက်ခဲ့ပြီလည်းဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဘာရိုက်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်က အာဆင်နယ်အသင်းအောက် ရမှတ် ၂၆ မှတ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

# ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်တဲ့ တောင်ပံကစားသမား ဖရန့်ရီဘာရီ

ဘိုင်ယန်မြူးနစ်အသင်းနဲ့ ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းတို့ရဲ့ တောင်ပံကစားသမားဟောင်း ဖရန့်ရီဘာရီဟာ ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်ပါတယ်။

အသက် ၃၉ နှစ်အရွယ်ရှိ တောင်ပံကစားသမား ရီဘာရီဟာ ဒူးဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရပြီးနောက် အီတလီစီးရီးအေကလပ် ဆာလာနီတာနာအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကို ဖျက်သိမ်းခဲ့တာလည်းဖြစ်ပါတယ်။

တောင်ပံကစားသမား ရီဘာရီဟာ ၂၀၀၇ ခုနှစ် ဇွန်လအတွင်းက မာဆေးလ်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၁၇ သန်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းဆီပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ နိုင်ငံတကာလက်ရွေးစင်ကစားသမားဘဝကနေ အနားမယူမီ နိုင်ငံအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၈၁ ပွဲမှာ ဂိုးဖန်တီးမှု ၂၅ ကြိမ်နဲ့ သွင်းဂိုး ၁၆ ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ၂၀၁၄ ခုနှစ်မှာ နိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူခဲ့တာဖြစ်ပါတယ်။

ရီဘာရီဟာ ၂၀၀၇ မှ ၂၀၁၉ အထိ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှာ ပွဲစဉ်စုစုပေါင်း ၄၂၅ ပွဲအထိ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၈၂ ဂိုးအထိသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒါ့အပြင် ဘိုင်ယန်မြူးနစ်ကစားသမားဘဝမှာ ဂျာမန်ဘွန်ဒက်လီဂါဖလားကိုးကြိမ်နဲ့ ၂၀၁၃ ခုနှစ်အတွင်းက ချန်ပီယံလိဂ်ဖလားတစ်ကြိမ်ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။




# တိုင်ဆန်ဖျူရီနဲ့ ဒါရက်ချီဆိုရာတို့ ဒီဇင်ဘာ ၃ ရက်တွင် ထိုးသတ်မည်




ဗြိတိန် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားနှစ်ဦး ဖြစ်တဲ့ တိုင်ဆန်ဖျူရီနဲ့ ဒါရက်ချီဆိုရာတို့ဟာ ဒီဇင်ဘာ ၃ ရက်မှာ လန်ဒန်မြို့ရှိ တော့တင်ဟမ်ဟော့စပါး လက်ဝှေ့ကြိုးဝိုင်းအတွင်းမှာ ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ တိုင်ဆန်ဖျူရီဟာ တတိယအကြိမ်မြောက် သူ့ရဲ့ဒဗလျူဘီစီ ဟဲဗီးဝိတ်တန်းခါးပတ်ကိုကာကွယ်ရမှာဖြစ်ပြီး လက်ဝှေ့သမားဘဝ သမိုင်းတစ်လျှောက်မှာ ၃၂ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ရှုံးပွဲမရှိ စံချိန်တင်ထားနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

တိုင်ဆန်ဖျူရီဟာ ဒီဇင်ဘာလအတွင်းမှာ ဂျိုရှူယာနဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပေမယ့် ယှဉ်ပြိုင်ထိုးသတ်ဖို့ အစီအစဉ်ပျက်ခဲ့ရတာကြောင့် တိုင်ဆန်ဖျူရီအနေနဲ့ ဒါရက်ချီဆိုရာနဲ့ ထိုးသတ်ဖို့ ပြန်လည်စီစဉ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# ဗြိတိန်နံပါတ်တစ်တင်းနစ်ကစားသမား ကာမီရွန်နော်ရီး စတော့ဟုမ်းအိုးပင်းတင်းနစ်ပြိုင်ပွဲကနေထွက်ခဲ့

ဗြိတိန်နံပါတ်တစ်တင်းနစ်ကစားသမား ကာမီရွန်နော်ရီးဟာ စတော့ဟုမ်းအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဒိန်းမတ်တင်းနစ်ကစားသမား



ဟိုလ်ဂါရူနီကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

တင်းနစ်ကစားသမား ကာမီရွန်နော်ရီးဟာ စတော့ဟုမ်းအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်မှာ ဟိုလ်ဂါရူနီကို ၆-၇၊ ၆-၃၊ ၆-၃ နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

ဗြိတိန်နံပါတ်တစ်တင်းနစ်ကစားသမား ကာမီရွန်နော်ရီးဟာ လက်ရှိမှာ ကမ္ဘာ့အဆင့် ၁၄ နေရာမှာ ရပ်တည်နေတာဖြစ်ပြီး စက်တင်ဘာလ အတွင်းက ကမ္ဘာ့အဆင့်ရှစ်နေရာအထိ တက်လှမ်းနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ တစ်နိုင်ငံတည်းသား ဒန်အီဗန်ကလည်း စတော့ဟုမ်းအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်မှာ ကနေဒါတင်းနစ်ကစားသမား ဖီလစ်အော်ဂါ-အလီယာဆီမီကိုရှုံးခဲ့လို့ ပြိုင်ပွဲကနေထွက်ခဲ့တယ်လို့ သိရပါတယ်။

| ပရီမီယာလိဂ် ပွဲစဉ်ရလဒ်များ | | | | | |
|---|---|---|---|---|---|
| အက်စတွန်ဗီလာ | ၄ - ၀ | ဘရန်းဖို့ဒ် | ဆောက်သမ်တန် | ၁ - ၁ | အာဆင်နယ် |
| လိဒ်ယူနိုက်တက် | ၂ - ၃ | ဖူလ်ဟမ် | ဝုလ်ဗာဟမ်တန် | ၀ - ၄ | လက်စတာ |

ငွေကြယ် - ရေးသားသည်




**❍ MNL ပြိုင်ပွဲမှ**

ရတနာပုံအသင်းတွင် အသင်းခေါင်းဆောင် လှိုင်းဘိုဘို ပြန်ပါလာပြီး မျိုးကိုထွန်း၊ ဇော်ရဲထွန်း၊ ရဲရင့်အောင်တို့ဖြင့် လူစုံခဲ့သလို မဟာယူနိုက်တက်အသင်းတွင်လည်း မျိုးမင်းဖြိုး၊ နိုင်လင်းထွန်း၊ စိုးမင်းနိုင်၊ တိုးဆက်နိုင်တို့ဖြင့် အမာခံကစားသမားအများစု ပါဝင်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ဖန်တီးနိုင်ခဲ့သည်။ သို့သော် အဆုံးသတ်အားနည်းမှုများကြောင့် ဂိုးပေါက်ပျောက်ဆုံးပြီး ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။ မဟာယူနိုက်တက်အသင်းသည် ရတနာပုံကို နှစ်ကျော့စလုံး မရှုံးအောင်ကစားနိုင်ခဲ့ပြီး ရတနာပုံအသင်းမှာမူ ပထမအကျော့ ရှုံးကြွေးမဆပ်နိုင်ဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ၁၅ ပွဲကစား ရမှတ် ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၇ ပွဲကစား ရမှတ် ၁၁ မှတ် ရရှိထားသည်။ ပွဲစဉ်(၁၇) တတိယနေ့အဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ရှေ့ဝတီအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

**❂ ကျောဖုံးမှ**

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လူငယ်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမင်းလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် အခြေခံဘောလုံးပညာ သင်ကြားမှုများကို နည်းပြ ဆရာဆရာမများက ကျောင်းသားလူငယ်များအား သင်ကြားပို့ချပေးခဲ့ကာ ဘောလုံးအားကစားနှင့် ပျော်ရွှင်မှုကိုဖော်ဆောင်မိတ်ဆက်ပေးခဲ့သည်။



ယနေ့ ကျင်းပသည့် MFF Grassroots Football Festival 2022 သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမ အင်အား ၃၅၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

**✻ ရွှေအောင်လံဆုရှင်မှ**

ပထမအချီ၌ ကျန်ရှိသည့်စက္ကန့်ဖြည့်ထိုးခဲ့ပြီး ဒုတိယအချီတွင် စောရွှေလေး ဘယ်ခြေကန်ချက်ကြောင့် စောဘဟိန်း ပြိုလဲခဲ့ပြီး ဆက်လက်မယှဉ်ပြိုင်နိုင်၍ စောရွှေလေး အလဲထိုးအနိုင်ရရှိသွားသည်။ ဆက်လက်၍ ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း (မန္တလေး)နှင့် သူရရဲအောင်(မုဒုံ) တို့ပြိုင်ပွဲတွင် ထိုးကွင်း၊ ထိုးကွက်ပညာစွမ်း၊ ခံနိုင်ရည်သက်လုံကောင်း သက်သေပြကြကာ ပရိသတ် အကြိုက် ထိုးပြသွားခဲ့သည်။ ထို့ပြင် အထူးပွဲ သုံးချီပွဲအဖြစ် ဝမ်ချုံး(Smart Fight)၏ ခြေကန်ချက်များကြောင့် စောကရင် (ဖိုးရာဇာ)ကို ပထမအချီတွင် ဝမ်ချုံးအလဲထိုး အနိုင်ရရှိသွားသည်။ လေးချီစိန်ခေါ်ပွဲ၌ စောဂျွန် (နဂါးမာန်)နှင့် စောဝီလျှံ(ဒို့ရိုးရာ)တို့ ပထမအချီ၌ သူတစ်ပြန်ကိုယ်တစ်ပြန် အမှားမခံဘဲ ဒုတိယအချီတွင် စောဂျွန် လက်သီးထိုးချက်များကြောင့် စောဝီလျှံ ဒဏ်ရာအနာတရဖြစ်ခဲ့ပြီး အရှုံးပေးလိုက်ရသည်။

**ဗလစိုး**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ဖူဆယ်လိဂ်ပြိုင်ပွဲများအတွက် ခြေစစ်ပွဲများပြီးဆုံး

**ရန်ကုန် အောက်တိုဘာ ၂၃**

၂၀၂၂-၂၀၂၃ ရာသီ ဖူဆယ်လိဂ်-၁ ပြိုင်ပွဲနှင့် ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည့် အသင်းများအတွက် ခြေစစ်ပွဲများကို အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လာမည့်ရာသီမှစတင်ကာ ဖူဆယ်လိဂ်ပြိုင်ပွဲကို အတန်းနှစ်တန်းခွဲ၍ ပြုလုပ်မည်ဖြစ်ပြီး ဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို ၁၂ သင်း၊ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲကို ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် ခုနစ်သင်းသာ ယှဉ်ပြိုင်ခွင့်ရထားပြီး ကျန် ငါးနေရာနှင့် ဖူဆယ်လိဂ်-၂ ပြိုင်ပွဲဝင်ခွင့်ရမည့် ၁၀ သင်းတို့ကို ခြေစစ်ပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဖူဆယ်လိဂ်-၁ ခြေစစ်ပွဲကို အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ Future of Dagon အသင်းက ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ Futsal 19 FC အသင်းက ကိုးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (ခ) ၌ AKG အသင်းက ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ ဖူဆယ်ချစ်သူအသင်းက ရှစ်မှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ခဲ့သည်။ ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုနှစ်ခုမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံး နှစ်သင်းစီမှာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ပြီး တတိယနေရာရရှိသည့်နှစ်သင်းမှာ Play-off ထပ်မံကစားပြီး အနိုင်ရသည့်အသင်းက လိဂ်-၁ ခြေစစ်ပွဲအောင်မြင်ကာ အရေးနိမ့်သည့်အသင်းက ဖူဆယ်လိဂ်-၂ ပြိုင်ပွဲဝင်ခွင့် ရရှိခြင်းဖြစ်သည်။

ယင်း Play-off ပွဲစဉ်တွင် Generations အသင်းက တော်ဝင်နန်းအသင်းကို (၈-၆) ဂိုးဖြင့် အနိုင်ရကာ ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ ဖူဆယ်လိဂ်-၂ ခြေစစ်ပွဲတွင် အသင်း ခုနစ်သင်း ယှဉ်ပြိုင်ခဲ့ပြီး အုပ်စုနှစ်ခုခွဲ၍ ကျင်းပခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ ရိုးမအသင်းက ကိုးမှတ်ဖြင့် အုပ်စု ပထမ၊ Red Eagles FC အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ NY အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ Maryar အသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ခြေစစ်ပွဲအပြီးတွင် ၂၀၂၂-၂၀၂၃ ရာသီ ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ၌ လက်ရှိချန်ပီယံ MIU အသင်းအပါအဝင် VUC အသင်း၊ MFF U18 အသင်း၊ မြို့မအသင်း၊ AMM အသင်း၊ Winner အသင်းနှင့် Dream Team အသင်းတို့မှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားပြီး ခြေစစ်ပွဲအောင်အသင်းများဖြစ်သည့် Future of Dagon အသင်း၊ Futsal 19 FC အသင်း၊ AKG အသင်း၊ ဖူဆယ်ချစ်သူအသင်း၊ Generations အသင်း စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင်မူ ခြေစစ်ပွဲအောင်အသင်းများဖြစ်သော ရိုးမအသင်း၊ Red Eagles FC အသင်း၊ NY အသင်း၊ Maryar အသင်းတို့အပါအဝင် ဖူဆယ်လိဂ်-၁ ခြေစစ်ပွဲတွင် ခြေစစ်ပွဲမအောင်ခဲ့သည့် ရွှေပြည်သာအသင်း၊ လက်ဝဲသုန္ဒရအသင်း၊ Myanmar AC Milan Fan အသင်း၊ Friendly Zone FC အသင်း၊ တော်ဝင်နန်းအသင်း၊ Dream Team Legend FC အသင်း စုစုပေါင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
(၂၄)နာရီ HELPLINE ဝန်ဆောင်မှု

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုတို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်ပါက

- ✓ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊
- ✓ သိရှိသူ ပြည်သူများမှလည်းကောင်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline ဖုန်းနံပါတ် 1566** သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပြီး၊ Viber နံပါတ် **၀၉- ၈၈၉၉၁၁၁၄၄** သို့ Viber Message ပေးပို့၍လည်းကောင်း၊ Helpline - DSW Facebook Page Messenger သို့ Message ပေးပို့၍လည်းကောင်း တိုင်ကြားနိုင်ပါသည်။

**Viber နှင့် Messenger များသို့ ပေးပို့တိုင်ကြားပါက အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် ထည့်သွင်းဖော်ပြပေးပါရန်။**

Viber Helpline - DSW (၀၉-၈၈၉၉၁၁၁၄၄)
Helpline 1566
Helpline - DSW

တိုင်ကြားသူ၏အချက်အလက်မပေါက်ကြားရေး
အထူးအလေးထားကာကွယ်ပေးသွားပါမည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၄၄ ဆူ | ၂၇၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၀ ကျင်း | ၅၈၉၀. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၁ ကျင်း | ၁၆၀၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၇၂ စုံ | ၃၂၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
### မဟာအင်ဂျင်နီယာဘွဲ့၊ မဟာဗိသုကာဘွဲ့၊ မဟာသိပ္ပံဇီဝနည်းပညာဘွဲ့ သင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့မှစတင်၍ အောက်ဖော်ပြပါ မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | မြို့ပြအင်ဂျင်နီယာ (အဆောက်အအုံ/ရေအရင်းအမြစ်) | (စ) | မက္ကာထရောနစ်အင်ဂျင်နီယာ |
| (ခ) | စက်မှုအင်ဂျင်နီယာ | (ဆ) | ဓာတုအင်ဂျင်နီယာ |
| (ဂ) | အီလက်ထရောနစ်အင်ဂျင်နီယာ | (ဇ) | နျူကလီးယားအင်ဂျင်နီယာ |
| (ဃ) | လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | (ဈ) | ဗိသုကာ |
| (င) | ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ | (ည) | ဇီဝနည်းပညာ |

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့ အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၁)နှစ် စုစုပေါင်း (၂)နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း Course Work ဖြေဆိုအောင်မြင်ပြီး သူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသန ကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်းတို့၏ မိဘနှစ်ပါး (၃)ဦးစလုံးသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့နှင့် ဗိသုကာဘွဲ့၊ သိပ္ပံဘွဲ့ (ဇီဝနည်းပညာ)ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာဗိသုကာဘွဲ့၊ မဟာသိပ္ပံဇီဝနည်းပညာသင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူ (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့ တစ်ခုခုရရှိထားသူဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်း ချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့် ပြုကြောင်း ထောက်ခံချက် (မူရင်း)တင်ပြနိုင်သူဖြစ်ရမည်။ ပြစ်မှုကင်းရှင်း ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံနှင့် မဟာအင်ဂျင်နီယာ၊ မဟာဗိသုကာနှင့် မဟာသိပ္ပံ (ဇီဝနည်းပညာ)ဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သောနည်းပညာတက္ကသိုလ်များမှ ထောက်ခံချက် (မူရင်း) (သို့မဟုတ်) မိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံစာ(True Copy)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် (၂၅-၁၀-၂၀၂၂) ရက်(အင်္ဂါနေ့)တွင် စတင်ထုတ်ယူနိုင်ပြီး (၃-၁၁-၂၀၂၂)ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ ကိုယ်တိုင် လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များ အား စိစစ်ပြီး မှန်ကန်ပါက (၄-၁၁-၂၀၂၂) ရက် (သောကြာနေ့)တွင် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| နေ့ရက် | ဖြေဆိုမည့်ဘာသာရပ် | ဖြေဆိုမည့်အချိန် |
|---|---|---|
| ၈-၁၁-၂၀၂၂(အင်္ဂါနေ့) | အင်္ဂလိပ်စာ | နံနက်(၉)နာရီမှ (၁၂)နာရီထိ |
| ၉-၁၁-၂၀၂၂(ဗုဒ္ဓဟူးနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉)နာရီမှ (၁၂)နာရီထိ |

၇။ လူတွေ့စစ်ဆေးခံရမည့်သူစာရင်းကို (၁၀-၁၁-၂၀၂၂)ရက်(ကြာသပတေးနေ့) တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို အဆိုပါနေ့ရက်တွင် မန္တလေး နည်းပညာတက္ကသိုလ်၌ ပြုလုပ်မည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့် ရရှိသူများ၏ အမည်စာရင်းကို (၁၀-၁၁-၂၀၂၂)ရက် (ကြာသပတေးနေ့)တွင် ထုတ်ပြန် ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ်- ၀၉-၂၀၁၆၅၀၉သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
### ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့မှစတင်၍ အောက်ဖော်ပြပါ ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | မြို့ပြအင်ဂျင်နီယာ (အဆောက်အအုံ/ရေအရင်းအမြစ်) | (စ) | မက္ကာထရောနစ်အင်ဂျင်နီယာ |
| (ခ) | စက်မှုအင်ဂျင်နီယာ | (ဆ) | ဓာတုအင်ဂျင်နီယာ |
| (ဂ) | အီလက်ထရောနစ်အင်ဂျင်နီယာ | (ဇ) | နျူကလီးယားအင်ဂျင်နီယာ |
| (ဃ) | လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | (ဈ) | ဗိသုကာ |
| (င) | ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ | (ည) | ဇီဝနည်းပညာ |

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူ ဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၂)နှစ် စုစုပေါင်း (၃)နှစ် သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း Course Work ဖြေဆိုအောင်မြင်ပြီးသူများ အနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ ပါရဂူဘွဲ့သုတေသနကျမ်းပြု သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်းတို့၏ မိဘနှစ်ပါး (၃)ဦးစလုံးသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မဟာအင်ဂျင်နီယာဘွဲ့ (M.E)၊ မဟာဗိသုကာဘွဲ့ (M.Arch)၊ မဟာသိပ္ပံဘွဲ့ (ဇီဝနည်းပညာ)(M.S.Bio-T)(သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့ တစ်ခုခုရရှိထားသူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့် ပြုကြောင်း ထောက်ခံချက် (မူရင်း)တင်ပြနိုင်သူဖြစ်ရမည်။ ပြစ်မှုကင်းရှင်း ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း နှင့် မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံနှင့် သက်ဆိုင်ရာအဓိက ဘာသာရပ်ဖြင့် မဟာအင်ဂျင်နီယာ၊ မဟာဗိသုကာ၊ မဟာသိပ္ပံ (ဇီဝနည်းပညာ)ဘွဲ့ လက်မှတ် (မူရင်းနှင့် မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် (၂၅-၁၀-၂၀၂၂) ရက်(အင်္ဂါနေ့)တွင် စတင်ထုတ်ယူနိုင်ပြီး (၃-၁၁-၂၀၂၂)ရက် (ကြာသပတေးနေ့) နောက်ဆုံး ထား၍ ကိုယ်တိုင် လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ် ပြီး မှန်ကန်ပါက (၄-၁၁-၂၀၂၂) ရက် (သောကြာနေ့)တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| နေ့ရက် | ဖြေဆိုမည့်ဘာသာရပ် | ဖြေဆိုမည့်အချိန် |
|---|---|---|
| ၈-၁၁-၂၀၂၂(အင်္ဂါနေ့) | အင်္ဂလိပ်စာ | နံနက်(၉)နာရီမှ (၁၂)နာရီထိ |
| ၉-၁၁-၂၀၂၂(ဗုဒ္ဓဟူးနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉)နာရီမှ (၁၂)နာရီထိ |

၇။ လူတွေ့စစ်ဆေးခံရမည့်သူစာရင်းကို (၁၀-၁၁-၂၀၂၂)ရက်(ကြာသပတေးနေ့) တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို အဆိုပါနေ့ရက်တွင် မန္တလေးနည်းပညာတက္ကသိုလ်၌ ပြုလုပ်မည်ဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့် ရရှိသူများ၏အမည်စာရင်းကို (၁၀-၁၁-၂၀၂၂) ရက် (ကြာသပတေးနေ့) တွင် ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ်- ၀၉-၂၀၁၆၅၀၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မန္တလေး)
### မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ် (မန္တလေး)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများ ကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ
(င) သုတနည်းပညာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ရေနံအင်ဂျင်နီယာ
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့ အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၁)နှစ် စုစုပေါင်း (၂)နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြို သင်တန်း(Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူ များကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြု မည်ဖြစ်သည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရ မည်။

(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာ အင်ဂျင်နီယာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများ ဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်း စည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်း များသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန် ထမ်းဆောင်နေသူ ဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက် ရောက်ခွင့်လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန်ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက် ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများ ဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက် (မူရင်းနှင့်မိတ္တူ) တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို နည်းပညာတက္ကသိုလ် (မန္တလေး)မှ ၂၅-၁၀-၂၀၂၂ရက်(အင်္ဂါနေ့)မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ၃-၁၁-၂၀၂၂ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ နည်းပညာတက္ကသိုလ် (မန္တလေး)သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များ အား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ၄-၁၁-၂၀၂၂ရက် (သောကြာနေ့)တွင် စတင်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို နည်းပညာတက္ကသိုလ် (မန္တလေး) တွင် အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၅-၁၁-၂၀၂၂၊ စနေနေ့ | အင်္ဂလိပ်စာ | နံနက်(၉:၀၀) မှ (၁၂:၀၀) |
| ၆-၁၁-၂၀၂၂၊ တနင်္ဂနွေနေ့ | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉:၀၀) မှ (၁၂:၀၀) |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား (မူရင်း) တစ်ပါတည်းယူဆောင်လာ ရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို ၇-၁၁-၂၀၂၂ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၈-၁၁-၂၀၂၂ရက် (အင်္ဂါနေ့)မှစ၍ နည်းပညာတက္ကသိုလ် (မန္တလေး)တွင် ပြုလုပ် မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ၉-၁၁-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ကြေညာပေးပါမည်။

**နည်းပညာတက္ကသိုလ်(မန္တလေး)**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖြိုးသူတိုး[၁၂/ဥကတ(နိုင်)၁၅၉၈၅၇]၊ အမှတ်(၅၈၈)၊ (B-5)၊ ဇာနည်-၁၁လမ်း(အောက်)၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်နေသူမှ ဒေါ်တင်မြင့်[၁၂/သဃက(နိုင်)၀၅၄၁၀၉]ထံက ၎င်းပိုင်ဆိုင် သော သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၄)လမ်း၊ အမှတ်(၁၅၃) ဟုခေါ်တွင်သော ဦးစိုးမြင့် ဂရန်အမည်ပေါက်၊ မြေအကျယ်(၁၂ ½ x၅၀)ပေ မြေနှင့် နေအိမ်အဆောက်အဦတို့ကို ဝယ်ယူရန် စရန်ငွေအချို့ ပေးချေ ထားပြီးဖြစ်သဖြင့် အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း နောက်ဆုံးထား၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်ပါက အိမ်မြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဦးဖြိုးသူတိုး၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးထက်နေဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၄၇၁/၂၅-၁၀-၁၂)**
**၁/၅၄၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။ Ph:09-262594135**

### အများသိစေရန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်-၁၉၄/ခ၊ ဧရိယာအကျယ် ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ မြေပေါ်၊ မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင် အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လင်းလင်းခိုင် [၁၂/လသယ(နိုင်)၀၀၂၄၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်ခင်သရဖီအေး [၁၂/မရက(နိုင်)၁၈၂၀၂၃]မှ အပိုင်ဝယ်ယူရန်အတွက် (၂၁-၁၀-၂၀၂၂)ရက် နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို ရောင်းဝယ်မှုအား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား(မူရင်း) များနှင့်တကွ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သရဖီအေးထံသို့လည်းကောင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးပပ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၅၇)(၁၄-၂-၁၇)**
**ဖုန်း-၀၉-၇၉၄၁၇၉၄၈၂**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း [ဇေယျာသုခလမ်းနှင့်အောင်တံခွန်လမ်းထောင့်]၊ အမှတ်(၁၀၅/၁၀၇)ဟုခေါ် သည့် အကျယ်အဝန်း မျက်နှာစာအနံ(၁၁၀')၊ အရှေ့နှင့်အနောက်အလျား (၁၁၀') ဧရိယာအကျယ်အဝန်းရှိသော မြေကွက်ပေါ်ရှိ (၈)ထပ်တိုက် အဆောက်အဦ၏ (၅)လွှာ၊ အကျယ်အဝန်း(၁၂၃၃ Sqft)ရှိ အခန်းအမှတ် -၅(B)အခန်းကို ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းလှိုင်[၉/သစန (နိုင်)၁၀၁၉၃၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။

ယင်းအခန်းနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူ မဆို ဥပဒေနှင့်ညီညွတ်သော စာရွက်စာတမ်းအထောက်အထားမူရင်းများ ဖြင့် ဤကြော်ငြာသည့်နေ့မှ ၁-၁၁-၂၀၂၂ရက်နေ့မတိုင်မီ အောက်ဖော်ပြပါ ကျွန်ုပ်တို့ထံ(အောက်ပါလိပ်စာ)သို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ် ပါသည်။

**လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးငွေဦး LL.B (ကြို့ပင်ကောက်) (စဉ်-၅၉၈၈)** | **ဒေါ်ခင်ညိုဝင်း LL.B (စဉ်-၅၈၃၁)** | **ဦးစည်သူအောင်သန်း LL.B (စဉ်-၁၂၀၂၈)** |

**ဖုန်း-၀၉-၄၂၀၁၀၇၈၉၈၊ ဖုန်း-၀၉-၂၅၄၃၈၂၄၂၈၊ ဖုန်း-၀၉-၄၂၀၁၆၇၇၈၁၊**
**ဦးမြတ်သူ LL.B (စဉ်-၁၆၉၉၂) ဖုန်း-၀၉-၇၉၅၂၇၉၅၂၆**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးနိုင်အောင် LL.B(စဉ်-၄၉၅၆၁) အထက်တန်းရှေ့နေ**
**ရုံး-အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်း ဝမ်းစာဖူလုံရေးသည် အရေးကြီး၊ စပါးစိုက်ပျိုးမှုများကို ဦးစားပေးဆောင်ရွက်၍ တစ်ကေချင်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လို၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပထမဦးစားပေးအနေဖြင့် ယခုနှစ် နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုများအတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးစိုက်ထုတ်ဆောင်ရွက်၍ တောင်သူများစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် မြေသြဇာ၊ မျိုးနှင့် စက်မောင်းဆီများရရှိရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်၊ စပါးနှင့် ပဲများ ထွက်ရှိမှုအပေါ်မူတည်၍ အကျိုးအမြတ်များထဲမှ တောင်သူများအနေဖြင့် သင့်တော်သည့် အကျိုးခံစားခွင့်ရရှိမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၉ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

# ရွှေအောင်လံဆုရှင် စောရွှေလေးက ရွှေခါးပတ်ချန်ပီယံ စောဘဟိန်းကို အလဲထိုးအနိုင်ရရှိ



စောရွှေလေးနှင့် စောဘဟိန်းတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ရန်ကုန် အောက်တိုဘာ ၂၃

မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ၌ ရွှေအောင်လံဆုရှင် စောရွှေလေးက ရွှေခါးပတ်ချန်ပီယံ စောဘဟိန်းကို အလဲထိုးအနိုင်ရရှိသွားသည်။ အဆိုပါပြိုင်ပွဲကို Lethwei Journey Group က မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ ငါးချီစိန်ခေါ်ပွဲတွင် ရွှေခါးပတ်ချန်ပီယံ စောရွှေလေး(ဒို့ရိုးရာ) နှင့် ရွှေအောင်လံဆုရှင် စောဘဟိန်း (ဘိလပ်မြေစက်ရုံ)တို့ အလုံးတူအရွယ်တူ ဖြစ်ကြသော်လည်း ပထမအချီ၌ စောရွှေလေး လက်သီးတွဲလုံး ခြေကန်ချက်များကြောင့် စောဘဟိန်း အနားတောင်းခဲ့ရသည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❋

ယနေ့ ဖတ်စရာ

သမ္မတရှီကျင့်ဖျင်အား တရုတ်ကွန်မြူနစ်ပါတီအထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ရွေးကောက်တင်မြှောက် — စာမျက်နှာ » ၁၂

လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပျံ့နှံ့နေသော အမျိုးသမီးအရုပ် နှစ်ခုဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း — စာမျက်နှာ » ၁၅

လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ — စာမျက်နှာ » ၂၁

ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်တဲ့ တောင်ပံကစားသမား ဖရန့်ရီဘာရီ — စာမျက်နှာ » ၂၅

# MFF Grassroots Football Festival 2022 ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အာရှဘောလုံးအဖွဲ့ချုပ်က ချမှတ်ထားသည့် လူငယ်ဘောလုံးဖွံ့ဖြိုးရေးအစီအစဉ်များအတိုင်း MFF Grassroots Football Festival 2022 လူငယ်ဘောလုံးပွဲတော်ကို အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီက သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လူငယ်ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမင်းလှိုင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်နှင့် ဌာနတာဝန်ခံများ၊ နည်းပြဆရာများနှင့် ကျောင်းသားလူငယ်များ တက်ရောက်ခဲ့သည်။

စာမျက်နှာ ၂၆ ကော်လံ ၄ သို့ ❂

# MNL ပြိုင်ပွဲတွင် ရတနာပုံနှင့် မဟာယူနိုက်တက် သရေကျ



ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် အောက်တိုဘာ ၂၃

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇) ဒုတိယနေ့ကို အောက်တိုဘာ ၂၃ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။

ရတနာပုံအသင်းက ထိပ်ဆုံးငါးသင်းအတွင်း ဆက်လက်ရပ်တည်နိုင်ရန်၊ မဟာယူနိုက်တက်အသင်းက တန်းဆင်းဇုန်မှလွတ်ရန် ရည်ရွယ်ချက်ကိုယ်စီဖြင့် ကြိုးပမ်းခဲ့ပြီး မျှတသည့်သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

စာမျက်နှာ ၂၆ ကော်လံ ၄ သို့ ❍